ကြေးမုံ The Mirror

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ သောကြာနေ့၊ (8-4-2011) (၆၇၂၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✽ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✽ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✽ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✽ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✽ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✽ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✽ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✽ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✽ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✽ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✽ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✽ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၇-၄-၂၀၁၁)

နေပြည်တော် (ရေဆင်း)	၁	ဒသမ	၄၆	လက်မ
မြူး	သုည	ဒသမ	၉၀	လက်မ
လားရှိုး	သုည	ဒသမ	၃၉	လက်မ
မြိတ်	သုည	ဒသမ	၃၂	လက်မ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များက ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေး ကော်မရှင် (၁/၂၀၁၁) ကြိမ်မြောက် အစည်းအဝေး တွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

ဂျပန်နိုင်ငံက မြန်မာ့မီးရထားသို့ မီးသတ်ကားလေးစီး လှူဒါန်းပွဲ နေပြည်တော်ဘူတာကြီး၌ ကျင်းပ သတင်း(စာမျက်နှာ - ၂)

ကမ္ဘာလှည့်ခရီးသည် ၆၃၁ ဦးပါ အပျော်စီးသင်္ဘောကြီး သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ သတင်း(စာမျက်နှာ - ၅)

ဂျပန်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ် ဆူနာမီအန္တရာယ် သတိပေးချက် အရှေ့မြောက်ကမ်းရိုးတန်း၌ ထုတ်ပြန် သတင်း(စာမျက်နှာ - ၄)

ဘာစီလိုနာအသင်း ဂိုးသွင်းစွမ်းရည်ပြ မန်ယူက ချယ်လ်ဆီးကိုနိုင် သတင်း(စာမျက်နှာ - ၁၀)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း တတိယဆုရ သတင်း(စာမျက်နှာ - ၁၀)

ကြေးမုံ The Mirror

၈-၄-၂၀၁၁ (သောကြာနေ့)

ပြည်သူများ၏ မျှော်လင့်ချက်ပြည့်ဝအောင် ကြိုးပမ်းစွမ်းဆောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး အစပြုပြီ။ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့တို့ကို မတ် ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲခဲ့ပြီ။ ပြောင်းလဲသည့်ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များလည်း လိုက်ပါပြောင်းလဲရမည် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ဧပြီ ၆ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ ရုံးခန်းမဆောင်ကြီး၌ တွေ့ဆုံအမှာစကားပြောကြားသည်။ ယင်းသို့ တွေ့ဆုံရာတွင် **“တာဝန်များ ခွဲဝေပေးအပ်သကဲ့သို့ လုပ်ပိုင်ခွင့်များကို လည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းပါကြောင်း၊ ရဲရဲဝံ့ဝံ့ဖြင့် မိမိတို့ လုပ်ရမည့်တာဝန်များ၊ မိမိတို့လုပ်သင့်သည့်အလုပ်များကို လုပ်ကြရန်နှင့် မည်သူ၏ တိုက်တွန်းချက်ကိုမျှ စောင့်မနေဘဲ မိမိတို့အသိနှင့်ယှဉ်ပြီး တက်တက်ကြွကြွဖြင့်လုပ်ကြရန် ဖြစ်ပါကြောင်း၊ တာဝန်ရှိလာကြပြီဖြစ်သည့်အတွက် တာဝန်သိရန်လိုပါကြောင်း၊ မိမိတို့ လုပ်ဆောင်ချက်၏ အဆိုးအကောင်းကို တာဝန်ယူကြရန်လည်း လိုအပ်ပါကြောင်း”** ပြောကြားသည်။

ယခုအခါ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေပေးထားပြီး ဖြစ်သည်။ ဗဟို၏ ချုပ်ကိုင်မှုကို လျှော့ပြီး လုပ်ပိုင်ခွင့်အာဏာများကိုလည်း ယုံယုံကြည်ကြည်ဖြင့် အပ်နှင်းခဲ့ပြီးဖြစ်သည်။ မိမိတို့၏လုပ်ငန်းများကို တာဝန်ယူကြရပေတော့မည်။ တာဝန်ယူရုံသာမကဘဲ တာဝန်ရှိလာပြီဖြစ်၍ တာဝန်ခံကြရမည်ဖြစ်သည်။

ပြည်သူတို့၏ စားဝတ်နေရေးတွင် စားရေးနှင့်ဝတ်ရေး ပြည့်စုံဖူလုံရန် အတွက် စိုက်ပျိုးရေးကို အဓိကအားထားရပေမည်။ သမားရိုးကျ စိုက်ပျိုး ထုတ်လုပ်သည့်အဆင့်မှ အကျိုးတူ အစုရှယ်ယာများ ပါဝင်စေပြီး လယ်ယာ ကုန်ထုတ်အသင်းစုများ ထူထောင်သွားကြရပေမည်။ ခေတ်မီနည်းစနစ်များ၊ ခေတ်မီစက်ပစ္စည်းများ အသုံးပြုပြီး လယ်ယာထွက်ကုန်များကို လက်ရှိ အခြေအနေထက် တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားကြရပေမည်။

ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်လာနိုင်စေရေး ဖန်တီးပေးရပေမည်။ လူတိုင်းအလုပ်လုပ်မှ လူတိုင်း ဝင်ငွေရှိလာပြီး တိုင်းပြည်၏ ဂျီဒီပီသည်လည်း တိုးတက်လာမည်ဖြစ်သည်။ ဥပဒေနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်ရရှိရေး အတားအဆီး၊ အပိတ်အဆို့၊ အဟန့်အတားများကို ဖယ်ရှားပေးရပေမည်။ လူဖြင့်မထိန်းဘဲ မူဖြင့်ထိန်းကျောင်းခြင်းဖြင့် ကုန်စည်စီးဆင်းမှု သွက်လက် လွယ်ကူပြီး ကုန်ဈေးနှုန်းလည်း ကျဆင်းလာမည်ဖြစ်သည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့် အတွက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ လုပ်သင့် လုပ်ထိုက်သည်များကို ဥပဒေနှင့်အညီ ရဲရဲဝံ့ဝံ့ လုပ်ကိုင်ခြင်း၊ ပြည်သူများက လည်း မိမိတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ပါဝင် ကြိုးပမ်းဆောင်ရွက်ကြခြင်းတို့ဖြင့် ပြည်သူများ၏ မျှော်လင့်ချက်များ ပြည့်ဝ အောင်မြင်လာရေး ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျွန်းစုမြို့ အမှတ်(၁)ရပ်ကွက် သီတာလမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်စဉ်။ (ကြေးမုံ)

နှစ်ဆန်းတစ်ရက်နေ့တွင် လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် ဧပြီ ၇

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သည့် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ဥယျာဉ်ပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်ကာ ဧပြီ ၁၈ ရက်မှစ၍ ပုံမှန်အတိုင်း နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ပြန်လည် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂျပန်နိုင်ငံ WEST Corporation က မြန်မာ့မီးရထားသို့ မီးသတ်ကားလေးစီး လှူဒါန်း

နေပြည်တော် ဧပြီ ၇

ဂျပန်နိုင်ငံ WEST Corporation က မြန်မာ့မီးရထားသို့ မီးသတ်ကားလေးစီး ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၇ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ဘူတာကြီး၌ ကျင်းပရာ ဂျပန်နိုင်ငံ WEST Corporation မှ Ms.Eiko Hoshino က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးကိုယ်စား အထွေထွေမန်နေဂျာ ဦးခင်မောင်ဆွေက WEST Corporation သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးသန့်ရှင်း၊ ဂျပန်နိုင်ငံ WEST Corporation မှ Ms.Eiko Hoshino နှင့် အဖွဲ့ဝင်တို့သည် လှူဒါန်းသည့် မီးသတ်ကားလေးစီး ကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ မီးသတ်ကားလေးစီးကို နေပြည်တော်စက်ခေါင်းရုံ တစ်စီး၊ စက်ခေါင်းစက်ရုံ (မလွကုန်း)တွင် တစ်စီး၊ စက်ခေါင်းစက်ရုံ (အင်းစိန်)တွင် တစ်စီး နှင့် စက်ခေါင်းစက်ရုံ (ရွာထောင်)တွင် တစ်စီးတို့အား မီးဘေးကာကွယ် တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထားရှိ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှု

ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီး ဦးအောင်ကြည်တို့ ဂျပန်နိုင်ငံ WEST Corporation မှ လှူဒါန်းသည့် မီးသတ်ကားလေးစီးကို ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၄)လမ်းနေ ကွယ်လွန်သူမိခင်ကြီး ဒေါ်ကျင်စိန် တစ်လပြည့်အားရည်စူး၍ ကျန်ရစ်သူ သားသမီး၊မြေးမြစ်များ ကိုယ်စား ဦးထွန်းအောင်-ဒေါ်အုန်းကြည်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။
(ကြေးမုံ)

နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုရစာအုပ်များ ကြေညာ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကူညီမှုဖြင့် စာရေးဆရာကြီး ဆရာဝန် တင်ရွှေ အထိမ်းအမှတ်စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု နဝမအကြိမ် အဖြစ် ၂၀၀၉ ခုနှစ်ထုတ် စာအုပ်များထဲမှ ရွေးချယ်ရရှိသော ဆုရစာအုပ်လေးအုပ် ကို ဆုချီးမြှင့်မည်ဖြစ်သည်။

ထုတ်ပြန် ကြေညာ

နဝမအကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ မောင်ဆွေသက်ရေးသားပြီး ပြည့်စုံစာပေတိုက်မှ ထုတ်ဝေသည့် ကဒူးမမှ မော်ဖသို့စာအုပ်၊ နန္ဒာသိန်းဇံရေးသားပြီး ချိုတေးသံစာပေမှ ထုတ်ဝေသည့် နောင်တကင်းရာသို့စာအုပ်၊ ပါမောက္ခ ဒေါက်တာမြင့်မောင်မောင် ရေးသားပြီး ရှင်မတောင်စာပေမှ ထုတ်ဝေသည့် မျိုးပွားကျန်းမာရေးဆိုင်ရာ အသိ ပညာပေး(ပေါင်းချုပ်)စာအုပ်နှင့် Maung Khaing Zaw ရေးသားပြီး ဇင်ရတနာ စာပေမှ ထုတ်ဝေသည့် Knowledge-able Facts about Myanmar Traditional Culture and Heritage စာအုပ်တို့ဖြစ်ကြောင်း ယနေ့ထုတ်ပြန် ကြေညာသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ နိုင်ငံတော်သီချင်း
၇:၁၀ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
၈:၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၅။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
၄:၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ၉။ အိုင်စီတီသုတ
၅:၀၀ ၁၀။ ရန်သူမီး
၅:၁၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
၅:၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၅)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၅။ “ရွာ”ဟာသဇာတ်လမ်းတွဲ
၆:၄၅ ၁၆။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၉)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက်(၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ စိုက်ပျိုးသုတ
၂၄။ သံစဉ်များနှင့်ကမ္ဘာ
၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၈)**
၂၈။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၉။ သင့်အတွက်မနက်ဖြန်
၃၀။ အပိတ်နှုတ်ဆက်စကား
၃၁။ ပြီးပါပြီ။

ထားဝယ်ရိုးရာသင်္ကြန်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန် (ရေးဇီမှန်း)နှင့် ရိုးရာမုန့်မျိုးစုံလှူပွဲကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အမှတ်(၈၂၈) မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသား၊ ထားဝယ်သူ၊ ထားဝယ်သားများနှင့် မိတ်ဆွေသင်္ဂဟများအား အသင်းအမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

❖ ကျောဖုံးမှ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြည်ထောင်စုအစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ပြည်ထောင်စုဒုတိယရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကဏ္ဍအလိုက်ရှင်းလင်း

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ စေတီတော်ဂေါပကအဖွဲ့မှ ဒေါက်တာဦးအောင်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းနှင့် ပြည်ထောင်စုဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းကိစ္စအဝဝကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများ၊ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ရေး ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတများနှင့် အဖွဲ့ဝင်များသည် စေတီတော် ပိဋကတ်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်အတွင်းရှိ ဘုရားခန်း၊ ဓာတ်တော်မွေတော်ပြခန်း၊ သာသနိကအဆောက်အအုံပြခန်း၊ ဥပ္ပါတသန္တိစေတီတော် ပုံစံငယ်ပြခန်း၊ မြန်မာပြည်အနှံ့ တန်ခိုးကြီးဘုရားများပြခန်း၊ ဗုဒ္ဓဂယာပြခန်း၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးမှတ်တမ်းဓာတ်ပုံများ၊ မော်ကွန်းခန်း၊ ပိဋကတ်စာကြည့်တိုက်နှင့် ရုပ်သံခန်းမတို့ကို လိုက်လံကြည့်ရှုကြသည်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ ဥပ္ပါတသန္တိစေတီတော် ပိဋကတ်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဥပ္ပါတသန္တိစေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် ဧပြီ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၁ ခုနှစ် ဧပြီလထုတ် သုတပဒေသာစာစောင် အတွဲ(၃၈)၊ အမှတ်(၄)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။ ယခုလထုတ် သုတပဒေသာ စာစောင်တွင် ပါရဂူ၊ ဌေးမောင်၊ ဒေါက်တာ ခင်မောင်ညွန့်၊ ဒေါက်တာကျော်စိန်၊ မောင်မြင့်ကြွယ်၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မောင်ပေါ်ထွန်း၊ အောင်ချိန်ဘွား၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ချိုးဖြူခင်၊ ခင်စောတင့်၊ လှတိုး(စိတ်ပညာ)၊ ကေကေ(မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်သိန်းလှိုင်၊ မင်းကြော့ရှိန်၊ ထီလာစိုးမြင့်ထယ်၊ သိပ္ပံကျော်လွင် စသည့် စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးများနှင့် ဝတ္ထုများ ပါဝင်သည်။

အဆိုပါ သုတပဒေသာစာစောင်တွင် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို လောင်စာဆီအဖြစ် ပြောင်းလဲနိုင်သောစက်၊ လေဆာရောင်ခြည်၏ နှစ်၅၀ ခရီး၊ ဆန်းသစ်ဖွေရှာဆေးပညာ၊ ဇရာစိတ်ပညာသဘာဝ၊ ရေထဲကငါးတွေ ရေငတ်တတ်သလား၊ ခါဘူကီ ဇာတ်သဘင်၊ သတိပြုပါ မော်တော်ယာဉ်တာယာ၊ အမြန်ပြင်အစားအစာ သယ်ပို့သူများ၊ တိုကျိုသူ တိုကျိုသား တစ်ကိုယ်ရေတစ်ကာယသမားတွေ၊ လှိုင်းလုံးကြီးတွေရဲ့ နောက်ကွယ်မှာ၊ ဒင်္ဂါးငွေစက္ကူများ သွန်းလုပ်ပုံနှိပ်မှု၊ အေရိုဒိုင်းနမစ် အတွေးအခေါ်ရှင်များ၊ တရုတ်နက္ခတ္တဗေဒင်၊ ၂၀ ရာစု၏ ထင်ရှားသောစာရေးဆရာ၊ အင်္ဂလိပ်စကားပုံ၊ အင်္ဂလိပ်ဘာသာမှာ မှားတတ်တာတွေ၊ ဘာသာပြန်စာအုပ်အညွှန်းနှင့် လစဉ်ပါနေကျ ဘာသာပြန်ကဗျာ၊ နိုင်ငံတကာမြင်ကွင်း၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ဟာသ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း အစရှိသော ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်သုတ၊ ရသအကြောင်းအရာမျိုးစုံပါရှိသည်။

ယခုလထုတ် သုတပဒေသာစာစောင် တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ဂျပန်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ် ဆူနာမီအန္တရာယ်သတိပေးချက် အရှေ့မြောက်ကမ်းရိုးတန်း၌ ထုတ်ပြန်

တိုကျို ဧပြီ ၇

ဂျပန်နိုင်ငံ အရှေ့မြောက်ကမ်းရိုးတန်းဒေသ၌ ငလျင်လှုပ်ခတ်မှုနှင့် ဆူနာမီရေလှိုင်းအန္တရာယ်များဖြစ်ပေါ်ခဲ့ပြီး တစ်လနီးပါးအကြာ ဧပြီ ၇ ရက် ညပိုင်းက ယင်းဒေသ၌ပင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ရာ ဆူနာမီသတိပေးချက် ထပ်မံထုတ်ပြန်ခဲ့ရသည်။

ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်သော ဆူနာမီဘေးအန္တရာယ်သတိပေးချက်တွင် မြေငလျင်ကြောင့် ခြောက်ပေကျော်မြင့်သော ဆူနာမီရေလှိုင်းများဖြစ်ပေါ်လာနိုင်ကြောင်း ဖော်ပြထားသည်။

ဂျပန်မိုးလေဝသအေဂျင်စီမှ ထုတ်ပြန်သော ဆူနာမီအန္တရာယ်သတိပေးချက်တွင် ပြီးခဲ့သည့်လက လှုပ်ခတ်ခဲ့သော မြေငလျင်နှင့် ယင်းငလျင်၏ နောက်ဆက်တွဲ ဆူနာမီရေလှိုင်းဒဏ်ကို ခံခဲ့ရသော အရှေ့မြောက်ကမ်းရိုးတန်းဒေသများ အကျုံးဝင်သည်။

မတ် ၁၁ ရက် မြေငလျင် အင်အားရစ်ချ်တာစကေး ၉ ဒသမ သုည ရှိခဲ့ပြီး မြေငလျင်ကြောင့်ဖြစ်ပေါ်ရသည့် ဆူနာမီရေလှိုင်းများကြောင့် လူပေါင်း ၂၅၀၀၀မျှ သေဆုံးခဲ့ရဖွယ်ရှိသည်။

ဧပြီ ၈ ရက်က လှုပ်ခတ်ခဲ့သောမြေငလျင်သည် ဂျပန်နိုင်ငံ အရှေ့မြောက်ကမ်းရိုးတန်း မီယာဂီ စီရင်စုကမ်းလွန်ရေပြင် မြေအောက်အနက် ၂၅ မိုင်ခန့်ကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါငလျင်ကြောင့် တိုကျိုမြို့တော်ရှိ အဆောက်အအုံများ လှုပ်ခါခဲ့ရပြီး အရှေ့မြောက်ကမ်းရိုးတန်းဒေသ၏ မိုင် ၃၀၀ ပတ်လည်ရှိဒေသများ၌ ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ရသည်။ သို့ရာတွင် မြေငလျင် လှုပ်ခတ်ပြီး မိနစ် ၉၀ အကြာတွင် ဆူနာမီသတိပေးချက်ကို ဂျပန် မိုးလေဝသအေဂျင်စီက ပြန်လည်ရုပ်သိမ်းခဲ့သည်။ **အေပီ။**

နယူးဒေလီမြို့၌ သုံးစွဲသော သောက်သုံးရေများ၌ ပဋိဇီဝဆေးများနှင့် ယဉ်ပါးသော ပိုးမွှားများ တွေ့ရှိ

နယူးဒေလီ ဧပြီ ၇

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်သို့ ပေးပို့နေသော သောက်သုံးရေများထဲ၌ ပါဝင်သော အင်ဇိုင်းတစ်မျိုးသည် ပဋိဇီဝပိုးသတ်ဆေးမျိုးစုံနှင့် ယဉ်ပါးသော ဗက်တီးရီးယားပိုးများကို ရှင်သန်စေသောကြောင့် ယင်းအန္တရာယ်ကို ကာကွယ်ရန် တစ်ကမ္ဘာလုံးအနေဖြင့် အရေးတကြီး ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ဧပြီ ၇ ရက်ထုတ် သုတေသနဂျာနယ်တစ်စောင်တွင် ဖော်ပြသည်။

တွေ့ရှိရ

နယူးဒေလီမြို့တော်အတွင်း ဖြန့်ဝေပေးနေသော ရေကန်ချောင်းမြောင်းများမှ ရေအမျိုးအစားနမူနာ ၁၇၁ မျိုးကို ရယူလေ့လာခဲ့ရာ နမူနာ ၅၁ မျိုးတွင် အင်ဒီအမ်-၁ ခေါ် New Delhi metello-beta-Lactamase-1 ခေါ် အင်ဇိုင်းတစ်မျိုးကို တွေ့ရှိရကြောင်း လင်းဆက်ဆေးပညာဂျာနယ် လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အင်ဒီအမ်-၁ အင်ဇိုင်းသည် ၂၀၀၉ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည့် မျိုးဗီဇတစ်ခုဖြစ်ပြီး ဗက်တီးရီးယားပိုး အမျိုးအစားအချို့ကို ပဋိဇီဝဆေးဝါးများ ခံနိုင်ရည်တိုးမြင့်စေနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

လျစ်လျူမရှုသင့်

စူပါပိုးခေါ် ပဋိဇီဝဆေးဝါးများဒဏ်ကို ခံနိုင်ရည်ရှိသော ဗက်တီးရီးယားပိုးမွှားများသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့နိုင်ဖွယ်ရှိရာ ယင်းပြဿနာကို လျစ်လျူမရှုသင့်ကြောင်း အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဂျဝါဟာလာနေရူးဆေးကောလိပ်မှ ပညာရှင်တစ်ဦးက သတိပေးသည်။

နယူးဒေလီမြို့တော်၏ ပျမ်းမျှအပူချိန်သည် နှစ်တစ်နှစ်၏ ခုနစ်လတာကာလအတွင်း ၃၀ ဒီဂရီဆဲလ်စီးယပ်စ်ရှိရာ ဗက်တီးရီးယားပိုးများအဖြစ် အသွင်ပြောင်းနိုင်သော အင်ဒီအမ်-၁ အင်ဇိုင်းများ အသွင်ပြောင်းနိုင်မှုနှုန်း အမြင့်ဆုံးအခြေအနေဖြစ်သည်။

အေအက်ဖ်ပီ။

ပနားမားတူးမြောင်းကို ဖြတ်သန်းမည့် တတိယမြောက်တံတား တည်ဆောက်မည်

ပနားမားစီးတီး ဧပြီ ၇

ပနားမားနိုင်ငံသည် ပနားမားတူးမြောင်းအား ဖြတ်သန်းမည့် တတိယမြောက်တံတားတစ်စင်းကို တည်ဆောက်မည်ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၇ရက်တွင် ပြောကြားသည်။

ပနားမားတူးမြောင်းဖြတ် တံတားသစ်တည်ဆောက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၃၀၀ ခန့် ကျခံသုံးစွဲမည်ဖြစ်ကြောင်း ပနားမားဒုတိယသမ္မတ ယွန်ကာလို့စ်ဗာရီလာက ပြောကြားသည်။ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးရာထူးတာဝန်ကိုလည်း ပူးတွဲထမ်းဆောင်လျက်ရှိသည်။

တင်ဒါခေါ်ယူ

ပနားမားတူးမြောင်းဖြတ်တံတားသည် တည်ဆောက်ရေးစီမံကိန်းအတွက် လာမည့်သုံးလအတွင်း ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းရှင်များအား ဈေးပြိုင်တင်ဒါခေါ်ယူမည်ဖြစ်သည်။

ပနားမားတူးမြောင်းသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ထားပြီး လောလောဆယ် တံတား နှစ်စင်းရှိသည်။ အဆိုပါတံတားနှစ်စင်းလုံးမှာ ပနားမားတူးမြောင်းသို့ ပစိဖိတ်သမုဒ္ဒရာဘက်မှ ဝင်ရောက်နိုင်သောနယ်မြေအတွင်း တည်ရှိသည်။ **ဆင်ဟွာ။**

ပါကစ္စတန်က ပြန်လွှတ်ပေးလိုက်သော အိန္ဒိယအကျဉ်းသား ဂိုပယ်လ်ဒတ်စ်ကို ၎င်း၏မိသားစုများနှင့် တွေ့ရစဉ်။

(၂၇)နှစ်ကြာအကျဉ်းချခံထားရသော အိန္ဒိယအကျဉ်းသား ပါကစ္စတန်က လွတ်မြောက်ခွင့်ပေး

အတ္တရီ ဧပြီ ၇

ပါကစ္စတန်နိုင်ငံ၌ (၂၇) နှစ်ကြာ အကျဉ်းချခံထားရသော အိန္ဒိယနိုင်ငံသားတစ်ဦးကို ပါကစ္စတန်က ဧပြီ ၇ ရက်တွင် ပြန်လွှတ်ပေးခဲ့ရာ နျူကလီးယားလက်နက်များ အသီးသီးပိုင်ဆိုင်သော နှစ်နိုင်ငံအကြား တင်းမာမှုများ လျော့ပါးလာသည့်လက္ခဏာဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံက နှစ်ရှည်လများ ဖမ်းဆီးထားခဲ့သော အိန္ဒိယနိုင်ငံသား ဂိုပယ်လ်ဒတ်စ်ဆိုသူသည် ကြာသပတေးနေ့က နယ်စပ် ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံတောင်ပိုင်း ပန်ဂျပ်ပြည်နယ် အတ္တရီမြို့၌ ဆွေမျိုးသားချင်းများနှင့် ပြန်လည်တွေ့ဆုံခွင့်ရခဲ့ပြီဖြစ်သည်။

အိန္ဒိယတရားရုံးတော်၏ မေတ္တာရပ်ခံချက်ကိုထောက်ရှု၍ အိန္ဒိယနိုင်ငံသား ဂိုပယ်လ်ဒတ်စ်ကို ပြန်လည်လွှတ်ပေးရန် ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီက အမိန့်ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံသား ဂိုပယ်လ်ဒတ်စ်ကို ၁၉၈၇ ခုနှစ် ဇွန်လတွင် ပါကစ္စတန်အာဏာပိုင်များက ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးခံရချိန်တွင် ဂိုပယ်လ်ဒတ်စ်၏ အသက်မှာ (၂၆) နှစ်ရှိပြီဖြစ်သည်။

ဂိုပယ်လ်ဒတ်စ်ကို မည်သည့်ပြစ်မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း ပါကစ္စတန်သမ္မတရုံးက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သော်လည်း သူလျှိုမှုဖြင့် မိမိဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း ဒတ်စ်ကိုယ်တိုင်က ဖွင့်ဟခဲ့သည်။

၂၀၁၁ ခုနှစ် မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လမ်းချော်ခဲ့ရသော နှစ်နိုင်ငံ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် ပါကစ္စတန်နှင့် အိန္ဒိယတို့က ကြိုးပမ်းနေစဉ်အတွင်း ဂိုပယ်လ်ဒတ်စ်ကို ပါကစ္စတန်အစိုးရက ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့သော ပြင်သစ်လေကြောင်း ခရီးသည်တင်လေယာဉ် တစ်စင်း၏ အပျက်အစီးအပိုင်းအစတစ်ခု။

လွန်ခဲ့သည့်တစ်နှစ်ခွဲက ပျက်ကျခဲ့သော ပြင်သစ်လေကြောင်း လေယာဉ်ပျက်ကို ရှာဖွေတွေ့ရှိ

ပါရီ ဧပြီ ၇

လွန်ခဲ့သည့်တစ်နှစ်ခွဲခန့်က အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့သော ပြင်သစ်လေကြောင်း ခရီးသည်တင်လေယာဉ်တစ်စင်း၏ အပျက်အစီးအပိုင်းအစများကို ရှာဖွေတွေ့ရှိရကြောင်း ပြင်သစ် သယ်ယူပို့ဆောင်ရေးဝန်ကြီး နာသာလီမိုရီဇက်က ဧပြီ ၄ ရက်တွင် ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ် ဇွန် ၁ ရက်က အတ္တလန္တိတ်သမုဒ္ဒရာအလယ်၌ ပျက်ကျခဲ့သော အဲဘတ်စ် အေ-၃၃၀အမျိုးအစား ခရီးသည်တင်လေယာဉ်၏ ကြီးမားသောအပျက်အစီးအပိုင်းအစတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရသည်။

လေယာဉ်အင်ဂျင်စက်များနှင့် တောင်ပံများပါရှိသော လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိရကြောင်း ပြင်သစ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန စုံစမ်းစစ်ဆေးရေးနှင့် သုံးသပ်လေ့လာရေးဗျူရိုက ပြောကြားသည်။

လေယာဉ်ပျံသန်းမှုဆိုင်ရာ မှတ်တမ်းတင်စက်နှစ်လုံးကိုမူ ဆက်လက်ရှာဖွေရဦးမည်ဖြစ်ကြောင်း မိုရီဇက်က ပြင်သစ်ရေဒီယိုသို့ ပြောကြားသည်။

ပြင်သစ်လေကြောင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှ ပြင်သစ်နိုင်ငံပါရီမြို့သို့ ပျံသန်းနေစဉ်အတွင်း ဘရာဇီးနိုင်ငံရှိ ရီစီဖီပင်လယ်ဆိပ်ကမ်းမြို့မှ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၅၀၀ ခန့်အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်ပျက်ကျမှုကြောင့် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း စုစုပေါင်း ၂၂၈ ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။ **အင်တာနက်။**

ဘရာဇီး အခြေခံပညာကျောင်းဝင်းအတွင်း သေနတ်သမားတစ်ဦး၏ပစ်ခတ်မှုကြောင့် ၁၃ ဦးသေဆုံး

ပစ်ခတ်မှုဖြစ်ပွားရာ အခြေခံပညာကျောင်းသို့ စုရုံးရောက်ရှိလာသော ဘရာဇီးကျောင်းသားမိဘများကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

ရီယိုဒီဂျနေးရိုး ဧပြီ ၇

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တော်ရှိ မူလတန်းကျောင်းတစ်ကျောင်းအတွင်း သေနတ်သမားတစ်ဦးက ကြာသပတေးနေ့၌ ရမ်းကားပစ်ခတ်ခဲ့ရာ ပစ်ခတ်သူသေနတ်သမား အပါအဝင် အနည်းဆုံး လူ ၁၃ ဦး သေဆုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားခဲ့ဖူးသူဟု ယူဆရသူ သေနတ်သမားသည် မိမိကိုမိမိသတ်သေသည် သို့မဟုတ် ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးရသည်ဆိုသည်ကို ကွဲကွဲပြားပြား မသိရသေးပေ။

အဆိုပါ အခြေခံပညာကျောင်းသည် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိရှိ ကျား၊ မ လူငယ်များ ပညာသင်ကြားနိုင်သော ကျောင်းဖြစ်ပြီး သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ကျောင်းသားများအပါအဝင် လူ ၂၀ ကျော် ဒဏ်ရာရခဲ့သည်။

ဖြစ်ရပ်ဆိုးဖြစ်ပွားပြီးနောက် ပူပင်သောကရောက်နေကြရသော ကျောင်းသားမိဘများသည် အခင်းဖြစ်ပွားရာကျောင်းသို့ အပြေးအလွှားလာရောက်ကြပြီး ပူဆွေးသောကဖြစ်နေပုံများကို ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့သည်။ **အေပီ။**

ပဋိဇီဝဆေးများဖြင့် လူ့အသက်ပေါင်း သန်းပေါင်းချီပြီး ကယ်တင်ခဲ့ပြီးဖြစ် ဆရာဝန်ညွှန်ကြားချက်မပါဘဲ မည်သည့်ဆေးဝါးမျှ မသုံးစွဲကြရန်လို

နေပြည်တော် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့ ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် ဆေးဝါးယဉ်ပါးမှုပြဿနာသည် တစ်နေ့တခြား ကြီးမားကျယ်ပြန့်လာကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဖော်ပြချက်အရ အရှေ့တောင်အာရှနိုင်ငံများတွင် သေဆုံးသူ ၁၄ သန်းအနက် ၄၀ ရာခိုင်နှုန်းမှာ ကူးစက်ရောဂါကြောင့် နှစ်စဉ်သေဆုံးနေကြရပြီး ၄၂ ရာခိုင်နှုန်းသည် မသန်မစွမ်းဘဝ ရောက်ကြရကြောင်း၊ အမှန်မှာ ကူးစက်ရောဂါများကို ပဋိဇီဝဆေးများနှင့် ကုသပြီး သက်သာပျောက်ကင်းအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူ့အသက်ပေါင်း သန်းပေါင်းချီပြီး ပဋိဇီဝဆေးများဖြင့် ကယ်တင်ခဲ့ပြီးဖြစ်ပြီး ကယ်တင်နေဆဲ၊ နောင်ကိုလည်း ကယ်တင်ရမည့် အရေးကိစ္စဖြစ်ကြောင်း၊ လူနာများအနေနှင့်လည်း အထူးလိုက်နာရမည့်အချက်မှာ ဆရာဝန်ညွှန်ကြားချက်ကို အတိအကျမှတ်သားလိုက်နာရမည်ဖြစ်ကြောင်း၊ ဆရာဝန်ညွှန်ကြားချက်မပါဘဲ မည်သည့်ဆေးဝါးမျှ မသုံးစွဲကြရန်လိုကြောင်း၊ အသိအမှတ်ပြု ဆေးဆိုင်များတွင် ဆရာဝန်ညွှန်ကြားသည့် ဆေးညွှန်းဖြင့် အသိအမှတ်ပြုထားသည့် ဆေးဝါးကို ဝယ်ယူကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့" ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် "Combating Antimicrobial Resistance" ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး ရောက်ရှိ

ရန်ကုန် ဧပြီ ၇

အမေရိကန်နိုင်ငံအခြေစိုက် Oceania Cruises မှ ကမ္ဘာလှည့်ခရီးသည် ၆၃၁ ဦးနှင့် သင်္ဘောဝန်ထမ်း ၃၉၈ ဦး လိုက်ပါလာသည့် အပျော်စီးသင်္ဘောကြီး M.V Nautica သည် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ယနေ့ နံနက် ၆ နာရီတွင် ဒုတိယအကြိမ်အဖြစ် ရောက်ရှိလာသည်။

အဆိုပါ သင်္ဘောကြီးပေါ်၌ နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည်များလိုက်ပါလာပြီး ယနေ့တွင် ရန်ကုန်မြို့တွင်း လေ့လာကြကာ ပဲခူးသို့လည်း နေ့ချင်းပြန် သွားရောက်လေ့လာကြသည်။

ဧပြီ ၈ ရက်တွင် ပုဂံ-ညောင်ဦးနှင့် မန္တလေးမြို့များသို့လည်း တစ်ညအိပ် နှစ်ရက်ခရီး သွားရောက်လေ့လာကြမည်ဖြစ်ပြီး ဧပြီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

M.V Nautica ရောက်ရှိ

ကမ္ဘာလှည့်ခရီးသည် ၆၃၁ ဦး လိုက်ပါလာသည့် M.V Nautica ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

လာထားအာဘွား ဆက်လက်အားပေးနိုင်

ရုပ်ရှင်

ရန်ကုန် ဧပြီ ၇

ဧပြီ ၈ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် မြို့ပတ်နဝဒေးရုံတို့တွင် ပရိသတ်အားပေးမှုအရှိန်ရဆဲဖြစ်သည့် လာထားအာဘွား မြန်မာဇာတ်ကားသစ်ပင် ဆက်လက်ပြသမည်ဖြစ်သည်။

ပရိသတ်အကြိုက်ဖြစ်သည့် ဟာသဇာတ်မြူးရုပ်ရှင်ကားတွင် နေတိုး၊ ရန်အောင်(နှစ်ကိုယ်ခွဲ)၊ ဝေဠုကျော်၊ သက်မွန်မြင့်၊ ခရစ္စတီးနား၊ ဦးအောင်လွင်၊ ခင်လှိုင်၊ ညောင်ညောင်၊ စတီးလ်နှင့် မော်ဒယ်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးပြီး သူထူးစံ၊ မိုးအောင်ရင်၊ မိုးပေကို၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုးနှင့် မယ်လိုဒီတို့ ခေါင်းဆောင်ပါဝင်သည့် **အလန်းဇယား**ဟာသဇာတ်မြူးမှာ မကြာမီ ရုံတင်တော့မည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေ့ဆောင်ရုံ၌ စက်ရုပ်လူသားဇာတ်ကားဖြစ်သည့် ROBOT အိန္ဒိယဇာတ်ကား ရုံတင်ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံ၌ လူသားတို့နှင့် အခြားကမ္ဘာမှဂြိုဟ်သားတို့အကြောင်း ရိုက်ကူးထားသည့် Battze: Losangeles ဇာတ်ကားများ ပြသမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်တွင် မြို့လယ် မြို့မရုံ၌ HEYY BAAYYအိန္ဒိယဇာတ်ကား ပြသမည်ဖြစ်သည်။

လာထားအာဘွား ဇာတ်ကားမှ နေတိုး၊ သက်မွန်မြင့်နှင့် ခရစ္စတီးနား။

မဟာသင်္ကြန် နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ ၂၀၁၁ စင်ထွာမီးလင်းကတ္တားနှင့် AD - ရွှေရည်စစ်စက် ပါဝင်ပြသ

ရန်ကုန် ဧပြီ ၇

Myanmar New Year Exhibition - 2011 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ စင်ထွာမီးလင်းကတ္တားနှင့် AD ရွှေရည်စစ်စက်တို့လည်း ပါဝင်ပြသလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ စင်ထွာမီးလင်းကတ္တားပြခန်းတွင် ဒီဂျစ်တယ်ချိန်စက်အရွယ်အစားမျိုးစုံ ပြသထားသည်။ ယင်းဒီဂျစ်တယ်ချိန်စက်များမှာ ရောင်းပြီး ဝန်ဆောင်မှုရှိခြင်း၊ ရေရှည်အသုံးခံခြင်း၊ အပိုပစ္စည်းအလွယ်တကူရရှိခြင်း၊ သယ်ယူရာတွင် ပေါ့ပါးလွယ်ကူခြင်းတို့ကြောင့် လုပ်ငန်းအသီးသီးတွင် အသုံးများသည်။

AD အမှတ်တံဆိပ် ဒီဂျစ်တယ် ရွှေချိန်စက်သည် ကျပ်၊ ပဲ၊ ရွေးစနစ်ဖြင့် တိုက်ရိုက်ဖော်ပြပေးနိုင်သည်။ တွက်နည်းငါးမျိုးအပါအဝင် ယူနစ် ၁၂ မျိုး ပါဝင်သည့်အတွက် မြန်မာအကြိုက်ရွှေချိန်စက်တစ်ခုဖြစ်သည်။ ထို့အပြင် ရွှေ၏သိပ်သည်းဆကို ဖော်ပြနိုင်သည့်အတွက် ငွေချေးဌာနများ၊ ရွှေဆိုင်များ၊ ရွှေပန်းထိမ်များ၊ ရွှေသန့်စင်လုပ်ငန်းများ၊ ရွှေမှော်လုပ်ငန်းများ အပါအဝင် မြန်မာနိုင်ငံ၏ ၆၅ ရာခိုင်နှုန်းသောရွှေဆိုင်များတွင် အသုံးပြုလျက်ရှိသည်။

အသေးစိတ်သိရှိလိုပါက ဦးကြည်စိန် ဖုန်း-၀၉-၅၅၂၂၁၂၃၊ ဒေါ်အေးအေးသိန်း ဖုန်း-၀၉-၅၁၄၃၂၅၄၊ ဒေါ်ခင်မျိုးသူ ဖုန်း-၀၉-၅၁၂၉၆၃၂နှင့် ဒေါ်အေးအေးသန့် ဖုန်း-၀၉-၇၃၀၁၇၀၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂါဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ခါသင်္ကြန်အဆိုအကများ
၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅ ၈။ "ဟူးကောင်းကျားထိန်းသိမ်းရေး နယ်မြေဆီသို့"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီးတေး၊ စစ်သည်တေး
၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၁၀ ၃။ နှောင်းခေတ်တေးပဒေသာ
၄း၁၅ ၄။ ခါသင်္ကြန်အဆိုအကများ
၄း၃၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၇။ ခါသင်္ကြန်အဆိုအကများ
၅း၀၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၂၀ ၉။ ခါသင်္ကြန်အဆိုအကများ
၅း၃၅ ၁၀။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၂၄)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ မိဘအမွေ (ဖော်လားကမ်ဖန်၊ N မွန်ဟောင်လုံ)
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "လျှပ်တစ်ပြက်ဟာသများ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၈)**
၂၁။ သီချင်းချစ်သူ(ဒီယံ)
၂၂။ အစီအစဉ်ပြီး၏။

ဖတ် စ ရာ မှတ် စ ရာ

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် သတိပြုရမည့် လျှပ်စစ်အန္တရာယ်

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်မှစ၍ ယခုတိုင် ကျင်းပလေ့ရှိသော ပွဲတော်များ (၁၂လရာသီပွဲတော်) အနက်၊ ဗုဒ္ဓဘာသာ မြန်မာများသာမက ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော လူမျိုး ဘာသာမရွေး ပြည်သူပြည်သားများ၊ နိုင်ငံခြားတိုင်းပြည် များမှ အလည်အပတ်ရောက်ရှိလာကြသော ကမ္ဘာလှည့် ခရီးသည်များ၊ နိုင်ငံခြားသံတမန်များပါ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိသော မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သည် မကြာမီကျရောက်တော့မည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဆုပေး မဏ္ဍပ်များ၊ အလှပြမဏ္ဍပ်များကို ဝန်ကြီးဌာနအလိုက်၊ ခရိုင်နှင့်မြို့နယ်အလိုက်သာမက ကုမ္ပဏီများ၊ အသင်း အဖွဲ့များ၊ ရပ်ကွက်များအလိုက် ဆောက်လုပ်၍ တစ်နိုင်ငံ လုံး ပျော်ရွှင်စွာ ရေကစားတော့မည်ဖြစ်သည်။ မဟာ သင်္ကြန်ရက်များအတွင်း အပျော်လွန်ကာ နောက်ပြောင်ကြ ရာမှ ခိုက်ရန်ဖြစ်ပွားခြင်းများ၊ သောက်စားမူးယစ်၍ ယာဉ်မောင်းနှင်မှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်းများ၊ မတော်တဆထိခိုက်မှုများ မဖြစ်ပွားစေရန်အတွက် ယင်းအန္တရာယ်များကို အသိတရားဖြင့် သတိထားဆင်ခြင်ကြရန် လိုအပ်ပါသည်။

ထို့အတူ မဟာသင်္ကြန်မဏ္ဍပ် အမျိုးအစားအားလုံးတို့ တွင် မပါလျှင်မပြီး၊ မသုံးလျှင် မဖြစ်သည့် လျှပ်စစ် ဓာတ်အား ဆက်သွယ်သုံးစွဲမှုကဏ္ဍကလည်း အလွန် အရေးကြီးလှပါသည်။ "သုံးတတ်လျှင် ဆေး၊ မသုံးတတ် လျှင်ဘေး" "မိတ်ဆွေမှရန်သူ" ဟူသော ဆိုရိုးစကားများ အတိုင်း လျှပ်စစ်ဓာတ်အားသည် မဏ္ဍပ်အသီးသီးတွင် မရှိမဖြစ်လိုအပ်ပြီး အသုံးတည့်သလို လျှပ်စစ်ဓာတ်အား ကို ပေါ့ဆစွာ ဆက်သွယ်အသုံးပြုခြင်း၊ နည်းစနစ်ကျနစွာ ဆက်သွယ်မှုမရှိခြင်းတို့ကြောင့် ဓာတ်လိုက်မှုအန္တရာယ်၊ ဝါယာရှော့(ခ်) ဖြစ်၍ မီးလောင်မှုအန္တရာယ် စသည့် လျှပ်စစ်အန္တရာယ်များ တွေ့ကြုံနိုင်ပါသည်။

သို့ဖြစ်၍ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင် ဆင်နွှဲမည့် သင်္ကြန်မဏ္ဍပ်များ၌ လျှပ်စစ်ဓာတ်အား ဆက်သွယ်အသုံးပြုရာတွင် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း၏ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်ရ မှတ်ပုံတင်လုပ်သားများ ဖြင့်သာ တရားဝင် စနစ်တကျ လျှပ်စစ်ဓာတ်အားကို ဆက်သွယ်အသုံးပြုရန် လိုအပ်ပါသည်။ မဏ္ဍပ်များတွင် လျှပ်စစ်ဓာတ်အားဆက်သွယ်ရန် တာဝန်ယူရသည့် လျှပ်စစ်ကျွမ်းကျင်လုပ်သားများကလည်း သင်္ကြန်မဏ္ဍပ် များတွင် ပေါက်ပြဲဆွေးမြည့်နေသော ဝါယာကြိုး အဟောင်းများ ကွဲအက်ကျိုးပဲ့နေသော မီးခေါင်း၊ မီးခလုတ်၊ မီးပလပ်၊ အဆို့ခံများနှင့် လျှပ်စစ်ပစ္စည်း အဟောင်းများကို အသုံးမပြုရန် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း၏ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရန် "Saftey-First" "ဘေးအန္တရာယ် ကင်းရှင်းရေးသည်-ပထမ" ဟူသော မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း၏ ဆောင်ပုဒ်အတိုင်း ဓာတ်လိုက်မှု အပါအဝင် လျှပ်စစ်အန္တရာယ်အသွယ်သွယ်မှ ကင်းဝေး အောင် လုပ်ဆောင်ပေးကြရန် လိုအပ်ပါသည်။

"မြွေကိုက်လျှင် ဆေးရှိသည် - ဓာတ်လိုက်လျှင် ဆေးမရှိ" ဟူသော စကားအတိုင်း "ဆေးမရှိသော၊ ဆေးမမီသော" ဓာတ်လိုက်မှုအန္တရာယ်ကို ကြိုတင် ကာကွယ်ရန် သတိချပ်ကြစေလိုပါသည်။ ထို့အပြင် "ဝန်အားမမျှ မသုံးရ" ဟူသော အရေးကြီးသည့် သတိပေးချက်ကိုလည်း မေ့လျော့ပေါ့ဆ၍မရပါ။ သို့ဖြစ်၍ သင်္ကြန်မဏ္ဍပ်များတွင် တပ်ဆင်အသုံးပြုမည့် မီးသီး၊ မီးချောင်း၊ မီးဆလိုက်၊ ပန်ကာ၊ လေအေးပေးစက်၊ ရေစုပ်စက်၊ ရေပန်းနှင့် မော်တာများ၊ ချက်ပြုတ်ရာတွင် အသုံးပြုမည့် လျှပ်စစ်မီးဖိုများ၊ အလှဆင်မီးများ စသည့် လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းတို့၏ စုစုပေါင်း တပ်ဆင် အင်အား(ဝန်အား)ကို တွက်ချက်၍ ယင်းဝန်အားကို ခံနိုင်ရည်ရှိမည့်(ဝါ)ဝန်အားကို နိုင်နင်းမည့် ဝါယာ အမျိုးအစားကို အသုံးပြုရန် လိုအပ်ပါသည်။

သင်္ကြန်မဏ္ဍပ်များတွင် လူအများ ဖြတ်သန်းသွားရာ ကြမ်းခင်းအောက်ခြေ၊ လူအများ လက်လှမ်းမီသော မဏ္ဍပ်တိုင်များ၊ နံရံများကို ဖြတ်သန်းသွယ်တန်းထား သော ဝါယာကြိုးများကို အဆက်အထုံးမရှိစေရေး၊ အပေါက်အပြဲမရှိစေရေးအတွက် ဂရုပြုရန် လိုအပ်ပါ သည်။ မလွှဲမရှောင်သာ၍ အဆက်အထုံးရှိပါက ယင်း အဆက်အထုံးများကို လုံခြုံအောင်၊ ရေမဝင်နိုင်အောင် ပလတ်စတစ်တိတ်ဖြင့် အထပ်ထပ်ပတ်ရန် လိုအပ်ပါ သည်။ တစ်ဖန် ဖြူး(စ်)ခေါ် ဒဏ်ခံကြိုးများကိုလည်း သင်္ကြန်မဏ္ဍပ်တွင် ဆက်သွယ်တပ်ဆင်ထားသော ဝန်အားနှင့် သင့်တော်သည့် ကြိုးအရွယ်အစားသာ သုံးသင့်ပြီး လွယ်လင့်တကူ ဖြူး(စ်) မပြတ်စေရန် အတွက် အရွယ်အစားကြီးမားသော(ဝါ) မတန်တဆ ဖြူး(စ်)ကြိုးများမထည့်မိရန် သတိထားရှောင်ကြဉ်စေလို ပါသည်။ ထို့အပြင် သင်္ကြန်မဏ္ဍပ်များအတွက် လျှပ်စစ် ဓာတ်အားကို ခွင့်ပြုချက်မရယူဘဲ ဓာတ်တိုင်မှ(ဝါ) ဓာတ်အားလိုင်းမှ တိုက်ရိုက်ချိတ်ဆွဲ သုံးစွဲခွင့်မရှိသည်ကို သတိချပ်ရပေမည်။

သင်္ကြန်မဏ္ဍပ်များတွင် တပ်ဆင်မည့် မီးခလုတ်၊ မီးပလပ်၊ အဆို့ခံများကို ကလေးသူငယ်များ လက်လှမ်း မမှီသောနေရာတွင် တပ်ဆင်ရေး၊ မဏ္ဍပ်အောက်မှာ ဖြစ်စေ၊ ရေပက်ခံကားများပေါ်မှဖြစ်စေ ရေလှမ်း ပက်ပါက ရေမရောက်နိုင်သော မဏ္ဍပ်အတွင်းပိုင်း(ဝါ) ရေလွတ်ကင်းရာ နေရာများတွင်သာ မီးခလုတ်များ တပ်ဆင်ရန်၊ ရေစိုနေသော လက်များ၊ ရေစိုအဝတ်များ ဖြင့် လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ခြင်းမပြုကြရန် တို့ကို သတိပြုကြစေလိုပါသည်။ သင်္ကြန်ချိန်ခါကာလ တွင် သင်္ကြန်မိုးလည်းရွာသွန်းဖြိုးတတ်လေရာ သင်္ကြန် မဏ္ဍပ်များတွင် ပေါက်ပြဲနေသော ဝါယာများ၊ ဝါယာကြိုး အဆက်များကို ပလတ်စတစ်တိပ်ဖြင့် လုံခြုံစွာ ဖုံးအုပ် မထားပါက ဝါယာရှော့(ခ်) ဖြစ်ခြင်း၊ ဓာတ်လိုက်ခြင်း များ ဖြစ်တတ်ပေသည်။

သို့ပါ၍ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ ပြည်သူပြည်သားအပေါင်း ပျော်ရွှင်စွာ ရေကစားရင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်မှသည် ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်သို့ ကျက်သရေမင်္ဂလာပြည့်ဝစွာ ကူးပြောင်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ "အမှတ်တမဲ့မှ အမှတ်တရ" ဖြစ်တတ်သည့် လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးရေးသားလိုက်ရပါသည်။ ။

မောင်မောင်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.S. Seshadri လာရောက်တွေ့ဆုံစဉ်။ (စွမ်းအင်)

ဝန်ကြီး ဦးသန်းဌေးအား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.S. Seshadri သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ ၂၀၁၁ စီထွာဒစ်ဂျစ်တယ်ကတ္တားများ ပါဝင်ပြသ

ရန်ကုန် ဧပြီ ၇

မဟာသင်္ကြန် နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ၂၀၁၁ကို ဧပြီ ၇ ရက်မှ ၁၀ ရက် အထိ ပြသလျက်ရှိရာ ZIN 9 ကုမ္ပဏီလီမိတက်လည်း ပါဝင်ပြသလျက် ရှိသည်။

အဆိုပါ ပြခန်းတွင် စီထွာ (SETRA) ဒစ်ဂျစ်တယ် ကတ္တားမှာ Toll Gate လုပ်ငန်းသုံး ကားချိန်ကတ္တားနှင့် ဆက်စပ် ပစ္စည်းများ၊ ဗဟိုမှ ကွန်ပျူတာဖြင့် ထိန်းချုပ် နိုင်သော Software System များဖြင့် အသုံးပြုနိုင်သည့် ကတ္တားများ၊ ပွဲရုံ လုပ်ငန်း၊ စက်ရုံ၊ ပွဲရုံလုပ်ငန်းနှင့် ရေလုပ်ငန်း ကုန်ခြောက်ပစ္စည်းများနှင့် ဆီပီပါများ၊ ဆားငန်ရည်ဓာတ် ပါဝင်သည့် ကုန်ပစ္စည်းများ ချိန်တွယ်ရာတွင် အထူး သင့်လျော်သော ကတ္တားများစသည်တို့ကို ထူးခြားဆန်းသစ်စွာ ပြသထားသည်။ အဆိုပါ ကတ္တားများမှာ ပိဿာ၊ ကီလိုဂရမ်၊ ပေါင်အစရှိသည့် ယူနစ်သုံးမျိုး ဖြင့် ချိန်တွယ်နိုင်ပြီး စက်အပိုပစ္စည်း အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။

ထို့ပြင် ပြခန်းတွင် ရှင်းပိုကျပ်၊ ပဲ၊ ရွှေ ရွှေချိန်စက်နှင့် သုံးပဲသားမှ ၁၈ ကျပ်သား အထိရှိသော ရွှေနှင့် ပလက်တီနမ်တို့၏ အရည်အသွေးကို တိုက်ရိုက်စစ်ဆေးပေး နိုင်သော ရှင်းပို ရွှေရည်စစ် စက်တို့ကို ပြသရောင်းချလျက်ရှိသည်။ ပြပွဲအပြီး ဝယ်ယူရရှိလိုပါက အမှတ်(၁၆၅) (၁၀) လမ်း သီရိမွန်အိမ်ရာ ဘုရင့်နောင်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၃၅၂၇၀ နှင့် ၀၁-၅၂၈၅၅၄ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

မဟာသင်္ကြန် နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲတွင် စီထွာဒစ်ဂျစ်တယ် ကတ္တားပြခန်း ပါဝင်ပြသစဉ်။

(သတင်းစဉ်)

(၁၁၂)ကြိမ်မြောက် သွေးလှူပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

ဆေးရုံအသီးသီးပေါ်၌ သွေးလိုအပ် နေသော ဝေဒနာရှင်များအား မေတ္တာ သွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၁၁၂) ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထ ပါရမီ မေတ္တာသွေးလှူဒါန်းပွဲတော်ကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်း မွှာရုံကြီး၌ မေတ္တာဖြူဟာအဖွဲ့က ကြီးမှူး၍ ဧပြီ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် ခုနှစ်ရက် သားသမီး ကျန်းမာစေရန် သွေးလှူဒါန်း လိုသူမေတ္တာသွေးလှူရှင်တိုင်း လာရောက် လှူဒါန်းနိုင်ကြောင်း ၎င်းအဖွဲ့က နှိုးဆော် ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါးခယ်မ စည်ပင်က နန်းကုန်း-မြို့ချောင်းကြီး ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပစဉ်။

(မြို့နယ်စည်ပင်)

ဟိုတယ်ဝန်ဆောင်မှုပညာရပ်ဆိုင်ရာ သင်တန်းများ ဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

Star Resources Hospitality Management Academy ဟိုတယ် သင်တန်းကျောင်းမှ ဟိုတယ်ဝန်ဆောင်မှု ပညာရပ်ဆိုင်ရာ သင်တန်းများဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ Star Resources Hospitality Management Academy သင်တန်းကျောင်းမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်နေရည်အောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းကျောင်းမှ ပြည်တွင်း တွင် အတွေ့အကြုံရရှိရေးအတွက် Hotel များ၌ သက်ဆိုင်ရာအလိုက် Training ဆင်းနိုင်အောင် စီစဉ်ပေး ခြင်း၊ ပြည်တွင်းဟိုတယ်များ၊ စားသောက် ဆိုင်များအတွက် အလုပ်အကိုင် အခွင့် အလမ်းများ စီစဉ်ပေးခြင်း၊ ပြည်ပ Hotel များ၊ အပျော်စီးသင်္ဘောလိုင်းများ၊ လေကြောင်းလိုင်းများတွင် အလုပ်အကိုင် ရရှိရန် ဆက်စပ်ဆောင်ရွက်ပေးခြင်း၊ Interview ဝင်ရောက်နိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်း၊ Pre-Interview များကို ဆောင်ရွက်ပေးခြင်းနှင့် အလုပ်အကိုင်အတွက် ဆွေးနွေးလမ်းညွှန် မှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိ သည်။ သင်တန်းသား၊ သင်တန်းသူများ အတွက်သာမက အလုပ်အကိုင်ရှာဖွေ နေသူများအတွက် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများရရှိ အောင် ဆောင်ရွက်ပေးခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိသည့်အပြင် သင်တန်း သား၊ သင်တန်းသူများနှင့် အပြင်မှ CV Form လာတင်သူများထံသို့ အလုပ် အကိုင်များအတွက် E-mail မှတစ်ဆင့် အကြောင်းကြား ပေးခြင်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း (၃၀၂)ပြည်လမ်း မြေနီကုန်း စမ်းချောင်း မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ နှင့် Email: info@staresources.com တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်း နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နယ်စပ်ရေးရာ ဝန် ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်း ဌေး အား ကု လ သ မဂ္ဂ ဖွံ့ဖြိုးမှု အစီ အစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B.Parajuli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဦးဇင်ယော်အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဧပြီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် ဦးဇင်ယော်အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S. Seshadri သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ ချေးငွေဖြင့် ဆောင်ရွက်ပြီးစီးသော အကြီးစား ကုန်တင်ယာဉ်ထုတ်လုပ်မှုစီမံကိန်း၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးသော ပခုက္ကူ စက်မှုသင်တန်းကျောင်း စီမံကိန်း၊ ထပ်မံအကောင်အထည်ဖော်မည့် စက်မှုသင်တန်းကျောင်းအတွက် ဆောင်ရွက်မည့်ကိစ္စရပ်များ၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B.Parajuli သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြောင်းနှင့် အနာဂတ်ကာလတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်အောက်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုနီးကပ်စွာနှင့် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်နိုင်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိ

ရန်ကုန်မြို့အတွင်း ဟွန်းမတီးရ

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ

ဝန်ကြီး ဦးညဏ်ထွန်းအောင် ဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒို့တာဝန်အရေးသုံးပါး ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန် စွဲမြဲစွာ ခံယူစောင့်ထိန်းသွားကြရန်နှင့် ဝန်ကြီးဌာန၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် ဝန်ထမ်းများ၏ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုရသည့် ဝန်ထမ်းကောင်းများပီပီ ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထားပြီး လုပ်ငန်းတာဝန်များကို သွက်လက်မှန်ကန် မြန်ဆန်ထိရောက်စွာဖြင့် နိုင်ငံတော်သမ္မတ မိန့်ခွန်းအား ဝန်ထမ်းများအနေဖြင့် လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူလျက် ရင်ထဲ နှလုံးသားထဲ ခိုင်မြဲစွာ ယုံကြည် သက်ဝင်လိုက်နာဆောင်ရွက်သွားရန် အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဝန်ကြီးဌာန၏ ရှိပြီးအခြေခံကောင်းများကို အခြေခံ၍ ပိုမိုကောင်းမွန်အောင် အပြုသဘောဆောင်သည့် စိတ်ဓာတ်များနှင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်း အားထုတ်သွားရမည်ဖြစ်ကြောင်းဖြင့် ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းအောင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၇

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-1 တွင် ရေနံရှာဖွေရေးတွင်း ရွှေပြည်တန်(၁) တွင်းကို ရေနံတွင်းတူးစက် Jack-up Drilling Rig " West Juno" ဖြင့် ဧပြီ ၂၅ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

ရွှေပြည်တန်(၁) ရေနံတွင်း၏ တည်နေရာဧရိယာမှာ Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၆ မိနစ် ၄၆ ဒသမ ၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၃ ဒသမ ၇၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၆ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၈ ဒသမ ၁၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄ မိနစ် ၃၄ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၅ ဒသမ ၆၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄ မိနစ် ၃၆ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၁ ဒသမ ၃၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

အသိပေးကြေညာ

သို့ဖြစ်ပါ၍ ရွှေပြည်တန်(၁) ရေနံတွင်းအား ရေနံတွင်းတူးစက် Jack- up Drilling Rig "West Juno" ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ၊ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MIB Co., Ltd. နှင့် Kao Commercial (Thailand) Co., Ltd.တို့ ဖြန့်ချိရေးကိုယ်စားလှယ် ခန့်အပ်ကြောင်း စာချုပ် ချုပ်ဆို

ရန်ကုန် ဧပြီ ၇

Kao Commercial (Thailand) Co., Ltd. မှ Mr. Kozo Saito (President & CEO Kao Commercial Thailand) နှင့် Myanmar Indobest Co., Ltd. (MIB) မှ ဦးဇော်လတ် (Managing Director -MIB Co., Ltd.) တို့ Biore Brand Skin Care ကုန်ပစ္စည်းများ ဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် ခန့်အပ်သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် Park Royal Hotel အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။**(အောက်ဝဲပုံ)**

Biore Brand တွင် Facial Form, UV Protect Milk, Shower Cream, Make-up Remover များ ပါဝင်ပြီး MIB Co., Ltd. က Biore Skin Care များနှင့် Kao White Soap 85g & 130g ပစ္စည်းများကို အမှတ်(၁၁) (၆)လမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပစက်မှုဇုန် ဖုန်း-၅၇၇ ၉၉၆ နှင့် ၅၇၈၆၆၈ တို့မှ တင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဥတုရာသီ တောက်ပမိုး၏

လျှင်ဘေးဒဏ်သင့်ပြည်သူများသို့ အလှူငွေများ ပေးပို့လှူဒါန်း

နေပြည်တော် ဧပြီ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ တာချီလိတ်ဒေသ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးရွှေနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးနော်အောင်နှင့် ဦးစိုင်းတစ်အောင်တို့သည် ကျိုင်းတုံမြို့ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၁ လုံးတို့မှ စုပေါင်းလှူဒါန်းငွေကျပ် ၂၅ ဒသမ ၅ သိန်းကို လည်းကောင်း၊ တာချီလိတ်မြို့ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၂ လုံးတို့မှ စုပေါင်းလှူဒါန်းငွေကျပ် ၁၄၀ ဒသမ ၅ သိန်းနှင့် ထိုင်းဘတ်ငွေ ၄၁၀၅၀၀ တို့ကို လည်းကောင်း မတ် ၂၅ ရက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President မဒမ် ကျန်းရှောင်လူနှင့် တရုတ်သံအမတ်ကြီးတို့ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President မဒမ် ကျန်းရှောင်လူနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၁၁ ခုနှစ် မတ်လအတွင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွယ်မွေမြို့အနီး၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ငလျင်ဘေးဒဏ် ခံခဲ့ရသည့် ဒေသများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို China Power Investment Corporation (CPI) ကိုယ်စား Vice President မဒမ် ကျန်းရှောင်လူက ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဦးဇော်မင်းက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

ညှိနှိုင်းဆွေးနွေး

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား၌ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအလံကို လွှဲပြောင်းလက်ခံရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများအတွက် ကြိုတင်ပြင်ဆင်ရေး ကြိုတင်အသိပေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်ရေး ပေါင်းစပ်ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၇

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံကို လွှဲပြောင်းလက်ခံရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများအတွက် ကြိုတင်ပြင်ဆင်ရေး ကြိုတင်အသိပေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ကော်မတီများနှင့် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကျင်းပခဲ့သော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၏ ဖွင့်ပွဲနှင့် ပိတ်ပွဲကျင်းပကြပုံများကို Video Slide များဖြင့် လေ့လာကြည့်ရှုပြီး သဘာပတိ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာသင်္ကြန်နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ ၂၀၁၁ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာအနော်ရထာ Business Group က ကြီးမှူးပြီး Father Land Construction & Decoration CO., LTD. ၏ အဓိကပံ့ပိုးကူညီမှုဖြင့် Myanmar New Year Exhibition -2011 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။**(ဝဲပုံ)**

Myanmar New Year Exhibition -2011 ပြပွဲကို ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကုမ္ပဏီ ၃၄ ခုမှ ပြခန်းပေါင်း ၁၄၂ ခန်းတို့ ပါဝင်ပြသမည်ဖြစ်သည်။

ပြပွဲတွင် Main Sponsor အဖြစ် ပံ့ပိုးကူညီသည့် Father Land Construction & Decoration Co., Ltd. မှ ပြပွဲကာလအတွင်း အရောင်းမြှင့်တင်ရေးအစီအစဉ်ဖြင့် Condominium, Room Type, Hall Type နှင့် ရိုးရိုးတိုက်ခန်းများကို ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

သတင်းတိုများ သတင်းတိုများ

CDMA MHz မိုဘိုင်းဖုန်းများ ဂန့်ဂေါ၌ ချထားပေး ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်လာ

ဂန့်ဂေါ ဧပြီ ၇

ဂန့်ဂေါမြို့နယ်၌ CDMA MHz မိုဘိုင်းဖုန်း (ငါးသိန်းတန်) များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ငှားရမ်းအသုံးပြုခွင့် ချထားပေးလျက်ရှိသည်။

ဂန့်ဂေါမြို့နယ်၌ ဖုန်းအလုံးရေ ၅၀၀၊ ဂန့်ဂေါမြို့နယ် ကန်ရွာ၌ ဖုန်းအလုံးရေ ၅၀၀ နှင့် ပုံတောင်ပုံညာဒေသ ကျော့ရွာ၌ ဖုန်းအလုံးရေ ၃၀၀ ကို ချထားပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီ ဒုတိယပတ်အထိ ငှားရမ်းသုံးစွဲသူ ၆၈၇ ဦး ရှိပြီဖြစ်သည်။

ယင်းအော်တိုတယ်လီဖုန်း(ကြိုးဖုန်း) ၇၀၀ ကျော်နှင့် ကျေးရွာကိုးရွာတွင် ဆီမီးအော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးထားမှုကြောင့် ဆက်သွယ်ရေးလုပ်ငန်းများ ယခင်ကထက် ပိုမို မြန်ဆန်လာပြီ ဖြစ်သည်။ (၄၆၅)

ရွှေဘိုခရိုင် နွေစပါးအထွက်တိုး

ရွှေဘို ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ၂၀၁၁ ခုနှစ်အတွက် နွေစပါးလျာထားချက်မှာ ဧက ၃၆၈၈၀၀ ဖြစ်ပြီး ယခုအချိန်ထိ စိုက်ပျိုးပြီး နွေစပါးမှာ ၂၇၄၂၆၅ ဧက ဖြစ်သဖြင့် ၇၄ ဒသမ ၃၇ ရာနှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ဆက်လက်၍ လျာထားချက် ကျော်လွန်စေရေးအတွက် ဆောင်ရွက်နေကြောင်းသိရသည်။ (ကြေးမုံ)

ဘေးမဲ့လွှတ်ပွဲတော် ကျင်းပ

မန္တလေး ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ နွားဘေးမဲ့ရုံ၌ နွားဘေးမဲ့ပွဲတော်ကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

ပွဲတော်လာပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ချမ်းအေးသာစံမြို့နယ် ၂၇ လမ်းနှင့် ၈၃ လမ်းထောင့်တွင် ဘတ်စ်ကားများ အခမဲ့ ပြေးဆွဲပေးပြီး အဆိုပါပွဲတော်ကို နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

တံခွန်တိုင် နွားဘေးမဲ့ရုံတွင် အိုမင်းနေသော နွားကောင်ရေ ၁၀၀ ကျော် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ နွားအစာနှင့် တိရစ္ဆာန်ဆေးဝါးများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၃၃)

အင်အား ၇ ဒသမ သုညအဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

ရန်ကုန် ဧပြီ ၇

ယနေ့ည ၉နာရီ ၁၁ မိနစ် ၁၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင် စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၉၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဂျပန်နိုင်ငံ၊ ဟွန်ရှူးကျွန်း၊ စင်တိုင်းမြို့၏ အရှေ့ဘက် ၄၁ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၇ ဒသမ သုညအဆင့်ရှိ အင်အား ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း လှိုင်သာယာမြို့နယ် နယ်မြေခံတပ်ရင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဧပြီ ၆ ရက်တွင် လှိုင်သာယာမြို့နယ် နယ်မြေခံတပ်ရင်း ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အားကစားပစ္စည်းများနှင့် အဝတ်အထည်များ ပေးအပ်ချီးမြှင့်ပြီး စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် တပ်ရင်းရုံးခန်းမ၌ အရာရှိများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း လှိုင်သာယာမြို့နယ် နယ်မြေခံတပ်ရင်း၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် အားကစားပစ္စည်းများနှင့် အဝတ်အထည်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပြည်ပမှ မှာယူတင်သွင်းထားသော Motor Grader ၂၄ စီး ယန္တရားတပ်ခွဲ(တောင်)၌ ရောက်ရှိနေ

နေပြည်တော် ဧပြီ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ပြည်ပမှ မှာယူတင်သွင်းထားသည့် Motor Grader ၂၄ စီးသည် ယန္တရားတပ်ခွဲ(တောင်)၌ ရောက်ရှိနေကြောင်း သိရှိရသည်။

အဆိုပါ ယာဉ်များကို ဧပြီ ၄ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးသည် တွံတေး-မအူပင် ကားလမ်း၌ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းကျင်းနေမှု၊ တံတား တည်ဆောက်နေမှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အရိပ်ကိုယ်စီနှင့်ခရီးသွားနေသူများ"တရားတော် (ဆရာတော်အရှင်ဝီရိယ)
- ၆း၄၀ ပုခန်းကြီးရွှေဟောင်းကျောင်းတော်ကြီး
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၅)**
- ၈း၅၀ April Music Show(Part-6)
- ၉း၃၀ Road to Sai Sai Birthday Show
- ၉း၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးငွေးဝင်း) (အပိုင်း-၅)
- ၁၀း၀၅ ခရမ်းမြို့မှ သာသနာ့အမွေ
- ၁၀း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၄၀ Opening Ceremony of Bangkok International Fashion Fair & Bangkok International Leather Fair 2010
- ၁၁း၀၅ Activities In The City [အထက(၂)မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ]
- ၁၁း၂၀ သင်္ကြန် Hair Style Fancy House
- ၁၁း၃၅ ခါသင်္ကြန်အဆိုအကများ
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ သကျမိတာစာသင်တိုက် စာအောင်ဘွဲ့တံဆိပ်ရသာသနာ့ အာဇာနည်ချီးကျူးပူဇော်ပွဲ
- ၁၂း၃၀ မြန်မာ့နှလုံးသားပုဂံအလှကို ခြယ်မှုန်းကြသူများ
- ၁၂း၅၅ တော်ဝင်ပလာဇာမှ စုပေါင်းဈေးရောင်းပွဲတော်
- ၁း၀၀ "အရိပ်ကိုယ်စီနှင့်ခရီးသွားနေသူများ"တရားတော် (ဆရာတော်အရှင်ဝီရိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၇)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၅)**
- ၅း၀၀ ခါသင်္ကြန်အဆိုအကများ
- ၅း၁၅ The Champion of Dance
- ၅း၅၀ Road to Sai Sai Birthday Show
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခါသင်္ကြန်အဆိုအကများ
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၆၈)**
- ၇း၂၅ April Music Show(Part-7)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
- ၈း၄၅ ဂီတသရုပ်ပြခန်း (ရာသီစာနှစ်)
- ၉း၁၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၆)**
- ၁၀း၁၀ ဖက်ရှင်လမ်းညွှန် (ရွှေကုံ့ကော် 2011 ဖက်ရှင်ဒီဇိုင်းသစ်များ)
- ၁၀း၃၀ အိန္ဒိယအနုပညာကြယ်ပွင့်နှင့် တွေ့ဆုံခဲ့စဉ်ခဏတာ
- ၁၀း၄၅ VJ Choice
- ၁၁း၁၀ သတ္တုတူးသောရွာကလေး
- ၁၁း၂၀ သူတို့ပြောတဲ့သူတို့အကြောင်း (ချစ်စနိုးဦးနှင့်တွေ့ဆုံခြင်း)
- ၁၁း၄၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
- ၁၁း၅၅ World of Knowledge (Situation Critical; Hell on High Water)
- ၁၂း၄၅ ချည်ခင်ကိုမယ်ရှင်းလို့ရက်ကာ အမြဲဝတ်မယ်ထာဝစဉ်. . .
- ၁း၀၅ Box Office Movies (Avator)
- ၁း၂၀ ပန်းတိုင်အထွက်တိုးစေဖို့. . . နွေနှမ်းစိုက်ကြစို့
- ၁း၃၅ ဒို့တိုင်းဌာနီဧရာဝတီ (ကြီးမားဖွံ့ထွားရောဝတီရဲ့ငါး)
- ၂း၀၀ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)
- ၂း၁၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Selection J)
- ၂း၃၀ အားကိုးအားထား (ဖိုးသောကြာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
- ၂း၄၅ ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
- ၄း၂၀ စုပေါင်းဆင့်နွှဲမန္တလာမြေရဲ့ခြင်းပွဲ
- ၄း၄၅ ထင်ရှားဖူးမြော် မွေတော်ကဏ္ဍုစေတီတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေးသည် မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်တို့ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာသင်တက္ကသိုလ်တို့၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

ယင်းနောက် မန္တလေးမြို့ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းဒေသကြီး ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာလုပ်ငန်းကိစ္စများကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

APTITUDE TEST စာအုပ်ထုတ်ဝေ

နေပြည်တော် ဧပြီ ၇

Henry Maung Maung ရေးသားပြုစုသည့် APTITUDE TEST Puzzles,Quizzes,and Mystifying Problems (Based on Numerical Knowledge) စာအုပ် ရွှေလက်ဆောင်စာပေမှ ထွက်ရှိလာသည်။ **(ယာပုံ)**

ဤစာအုပ်တွင် သင်္ချာကို အခြေခံထားသော အရည်အချင်းစမ်းသပ်ခြင်း၊ ဉာဏ်စမ်းပဟေဠိ၊ ခက်ခဲသော ဉာဏ်စမ်းပြဿနာများ၊ စဉ်းစားတွေးခေါ်နည်း၊ ရှုပ်ထွေးမှုများ၊ အဖြေနှင့် အဖြေထုတ်နည်း၊ မေးခွန်းများနှင့် ဉာဏ်စမ်းပုစ္ဆာများပါရှိသဖြင့် သင်္ချာနှင့် သိပ္ပံပညာတတ်များသာမက အထက်တန်းအဆင့် သင်ယူဖူးသူ၊ သင်္ချာပညာကို လေ့လာလိုက်စားလိုသူ၊ ဖြတ်ထိုးဉာဏ်ကောင်းလိုသူ၊ အခက်အခဲတစ်ခုကို ဘက်ပေါင်းစုံမှ ရှုမြင်လိုသူ၊ ဖြစ်နိုင်ခြေရှိသည့် ဆုံးဖြတ်ချက်ကို ပေးလိုသူ၊ အဖြေကို မှန်းဆသိမြင်လိုသူများအတွက် အသုံးတည့်သော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရွှေလက်ဆောင်စာပေဖြန့်ချိရေး ဦးအောင်မြင့်နှင့် ညီမဒေါ်သိန်းသိန်း အမှတ်(၄၈၈) ရွှေဘုံသာလမ်းအထက် အမှတ် (၂၃၃/၂၃၅) (၃၂) လမ်းအထက် ဖုန်း-၃၈၉၀၂၂၊ ၃၇၅၃၇၅ နှင့် ၃၇၄၆၃၈ တို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

တပ်ကုန်းမြို့နယ် ရွှောက်ကုန်းကျေးရွာ မျိုးဆက်သစ်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၇

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှောက်ကုန်းကျေးရွာ မျိုးဆက်သစ်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင် လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦးက စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်တစ်လုံးကို လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ လှူဒါန်းငွေကျပ် ၁၅ သိန်းတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးအေးကြွယ်က မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသော သုတ၊ ရသ စာအုပ်စာစောင်များကို လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်လွင်စိုးက ကျေးရွာပြည်သူများ လှူဒါန်းငွေကျပ် ၂၅ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ အဆောက်အအုံမှာ ၃၃ ပေ× ပေ၂၀ သွပ်မိုး၊ အုတ်နံကပ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၅၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။(သတင်းစဉ်)

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှောက်ကုန်းကျေးရွာ မျိုးဆက်သစ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

အထက(၁) ကျိုက်ထို မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး ရောက်ရှိနေသည့် ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများ ယခုအချိန်အထိ ပညာသင်ကြားပေးလျက်ရှိသော အသက်(၅၀)အထက် ဆရာ၊ ဆရာမများနှင့်ပညာသင်ယူခဲ့သော ကျောင်းသား၊ ကျောင်းသူများ ဦးလှသန်း ဖုန်း-၀၅၇-၆၀၅၁၄၊ ဦးသိန်းဇော် ဖုန်း-၀၉-၄၉၂၃၈၇၆၇၊ ဦးဝေလင်းအောင် ဖုန်း-၀၉-၄၉၈၁၈၂၇၇ နှင့် ဦးတင့်လွင် ဖုန်း-၀၅၇-၆၀၂၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ပဲခူး ဧပြီ ၇

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘဝတစ်သက်တာစာပေဆုရ အသင်းနာယက ဆရာဒေါက်တာကျော်စိန်နှင့် အမျိုးသားစာပေဆုနှစ်ကြိမ်ရ အသင်းဝင် ဆရာဦးချစ်စံဝင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၉ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် (၁၀/၁)၊ ဒုတိယထပ်၊ ကန်တော်ကလေးလမ်း(အောင်ဆန်းကွင်းမြောက်ဘက်ခြမ်း)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ပညာရေးငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုသူများနှင့် သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးညွန့်ဇော်(ငြိမ်း) ဖုန်း-၀၁-၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌဦးဟန်ကြူ ဖုန်း-၀၉-၅၁၂၀၂၃၇၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၁-၅၈၀၀၃၂၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၅၂-၂၂၈၁၂၊ ဘဏ္ဍာရေးမှူး ဦးခင်စိုး ဖုန်း-၀၁-၄၀၀၁၄၂၊ အမှုဆောင်ဦးစိန်လှိုင် ဖုန်း-၀၉-၅၃၀၂၂၆၃ နှင့် ပဲခူးမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဧပြီ ၇

MIEC.PMC Group က ကြီးမှူး၍ IAB Acdemy @ Bintan သင်တန်းကျောင်း၏ ဒီပလိုမာနှင့် အဆင့်မြင့် ဒီပလိုမာသင်တန်းများသို့ အဆင်ပြေချောမောစွာ တက်ရောက်နိုင်ရန် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ IAB Acdemy @ Bintan ကျောင်းမှ ဒီပလိုမာသင်တန်းပြီးသူများနှင့် အဆင့်မြင့် ဒီပလိုမာသင်တန်း ပြီးသူများအနေနှင့် Hotel/Restaurant Super-Visors,Banquet/Cathering Salesupervisors F & B Super-visors ရာထူးများဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ပြီး အင်ဒိုနီးရှား၊ စင်ကာပူစသည့် ပြည်ပနိုင်ငံရှိ ဟိုတယ်ကြီးများနှင့် အဆင့်မြင့် ဂေါက်ကွင်းများတွင် တာဝန်ထမ်းဆောင်နိုင်သည့်အပြင် Fast Food Centres, Coffee Owllets Res-taurant, Food Courts, Hotels လုပ်ငန်းများကိုလည်း တည်ထောင်နိုင်သည့် အရည်အချင်းကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

MIEC.PMC Group မှ ပညာသင်သွားမည့်သူများအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးထားပြီး သင်တန်းများကိုလည်း တစ်နှစ်ပတ်လုံး ဖွင့်လှစ်ထားသည်။ အနီးဆုံးသင်တန်းအနေဖြင့် ဧပြီနှင့် ဇူလိုင်လများတွင် တက်ရောက်နိုင်ပြီး အသေးစိတ်ဆက်သွယ်မေးမြန်းလိုပါက MIEC.PMC Group ၁၂ ထပ် အခန်း(၁) အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၆၆၀၂၊ ၃၉၂၆၁၇ နှင့် www.iabintan. com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လေ့လာလိုက်စား ပြည်တွင်းပြည်ပ အားကစား

သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင္နွဲမပွဲစဉ် ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO မှ အဓိကကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင္နွဲမပွဲစဉ်ကို ဧပြီ ၅ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် Nearest Pin ဆုကို ဇော်ဇော်ထွန်း၊ Nearest to the Line ဆုကို အောင်ကိုဦး၊ Longest Drive ဆုကို ကျော်မင်းဌေးနှင့် Most Birdie ဆုကို မျိုးဇော်အောင်တို့က ရရှိသွားသည်။

အမျိုးသမီး (System 36) ဖြင့် တွက်ချက်သည့်ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၇၆ ချက်ဖြင့် ဇူဇူးစံက ပထမ၊ အသားတင်ရိုက်ချက် ၇၇ ချက်ဖြင့် ခင်ထန်းဝင်းက ဒုတိယ၊ အသားတင်ရိုက်ချက် ၇၇ ချက်ဖြင့် မြင့်မြင့်အေးက တတိယ၊ အသားတင်ရိုက်ချက် ၈၀ ဖြင့် ခင်ပြုံးယဉ်က စတုတ္ထ၊ အသားတင်ရိုက်ချက် ၈၅ ချက်ဖြင့် ကေသရီကျော်က ပဉ္စမ ရရှိသည်။

အမျိုးသား(System 36)ဖြင့် တွက်ချက်သည့်ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၆၈ ချက်ဖြင့် မြင့်ကိုက ပထမ၊ အသားတင်ရိုက်ချက် ၆၉ ချက်ဖြင့် လင်းသဲက ဒုတိယ၊ အသားတင်ရိုက်ချက် ၇၀ ဖြင့် အောင်မြင့်သိန်းက တတိယ ရရှိသည်။

အကျော့မဲ့ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ကျော်ကျော်က ပထမ၊ အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် ကောကောက ဒုတိယ၊ အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် တင်လင်းကိုက တတိယရရှိပြီး ပထမဆုရ ကျော်ကျော်အား Aung KENBO Trading Co.,Ltd. မှ ဒါရိုက်တာ ဦးမျိုးမင်းက KENBO ဆိုင်ကယ်တစ်စီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Aung KENBO Trading Co.,Ltd. မှ စီမံခန့်ခွဲမှုမန်နေဂျာ ဗိုလ်ကြီးခင်ဇော်(ငြိမ်း)က ရွှေမန်းတောင် ဂေါက်ကလပ်သို့ အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာရှနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်များ နှစ်ပတ်လည် အထွေထွေညီလာခံသို့ တက်ရောက်မည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်(ယာ)အား ဧပြီ ၇ ရက်ကတွေ့ရစဉ်။ (ကြေးမုံ)

ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပကြမည်

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဂေါက်သီးကစားပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ ဆင္နွဲမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲ၌တွင် Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်ပြီး ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများ ပါဝင်ကစားကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ ဤပြိုင်ပွဲကို Main Sponsor အဖြစ် KABAR SERVICES CO.,LTD. မှ တာဝန်ယူမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ကံစမ်းမဲ (Lucky Draw) များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးရာတွင် ပါဝင်လိုသော ပုဂ္ဂိုလ်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ကုမ္ပဏီအနေဖြင့်သော်လည်းကောင်း၊ မိတ်ဆက်လိုသော ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးစိုးလွင် (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) ဖုန်း-၀၁-၅၁၉၆၇၃၊ Ext 211 နှင့် ဦးခင်အေး (ရုံးအဖွဲ့မှူး၊ AGTI ကျောင်းသားဟောင်းများအဖွဲ့) ဖုန်း-၀၁-၅၁၉၆၈၃ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၇

၂၀၁၁ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများကို ကျင်းပရန် ကြေညာခဲ့ပြီးဖြစ်ရာ အဆိုပါပြိုင်ပွဲအစား ၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖလား ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင် အားကစားသမားများအားလုံး တစ်ကွင်းလျှင်တစ်ရက်စီဖြင့် ရက်အလိုက် လေးရက်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional မြန်မာပီဂျီအေအဆင့်နှင့် Amateur အပျော်တမ်းအဆင့် (Handicap 0-12)အဆင့်ရှိသူများ ပြိုင်ပွဲဝင်ကြေးပေးသွင်း၍ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းစီတွင် တစ်ရက်စီဖြင့် လေးရက် ယှဉ်ပြိုင်ကစားပြီးပါက ပြိုင်ပွဲဝင်သည့် အတန်းအလိုက်၊ တံခွန်စိုက်ဆုအပါအဝင် အဆင့်(၁)မှ (၁၅)ထိ ချီးမြှင့်မည့်အပြင် ကွင်းအလိုက်မှလည်း နေ့စဉ်ရိုက်ချက်များအပေါ် မူတည်၍ အဆင့်(၁)မှ (၅)ထိ ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Hole In One ဆုရသူများအား ထိုက်ထိုက်တန်တန် ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။ အသင်းလိုက်ဆုများကို ချီးမြှင့်ခြင်းမပြုဘဲ အထက်တွင် ဖော်ပြထားသည့်အတိုင်း Professional နှင့် Amateur အတန်း နှစ်တန်းကိုသာ တစ်ဦးချင်းဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က သတ်မှတ်ထားသော စည်းကမ်းများ၊ ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉၊ ၄၁၄၇၅၃ (Fax)တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဘာစီလိုနာအသင်း နူးကမ့်တွင် ဂိုးသွင်းစွမ်းရည်ပြ ဝိန်းရွန်နေး၏ဂိုးဖြင့် မန်ယူက ချယ်လ်ဆီးကိုနိုင်

လန်ဒန် ဧပြီ ၇

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်း အိမ်ကွင်း နူးကမ့်တွင် ဂိုးသွင်းစွမ်းရည်ပြသနိုင်ခဲ့ပြီး စတမ်းဖို့ဒ်ဘရစ်ချ်တွင် မန်ယူက ဝိန်းရွန်နေး၏ တစ်လုံးတည်းသောဂိုးဖြင့် အိမ်ရှင်ချယ်လ်ဆီးကို အနိုင်ရသွားသည်။

ဘာစီလိုနာ ၅-၁ ရှက်တာဒိုးနက်

စပိန်မြေနူးကမ့်တွင်ကစားခဲ့သည့် ဘာစီလိုနာနှင့် ရှက်တာဒိုးနက်တို့ပွဲတွင် အိမ်ရှင်ဘာစီလိုနာက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ဘာစီလိုနာအတွက် ဂိုးများကို ပွဲချိန် ၂ မိနစ်တွင် အင်နီယေစတာ၊ ၃၄ မိနစ်တွင် အဲလ်ဗက်စ်၊ ၅၃ မိနစ်တွင် ပီကေး၊ မိနစ် ၆၀ တွင် ကီတာနှင့် ၈၆ မိနစ်တွင် ဇာဗီတို့က သွင်းယူခဲ့သည်။ ရှက်တာဒိုးနက်အတွက် တစ်လုံးတည်းသောနှစ်သိမ့်ဂိုးကို ၅၉ မိနစ်တွင် ရာကစ်စကီးက သွင်းယူခဲ့သည်။

ဘာစီလိုနာအသင်းတွင် ဗဲလ်ဒက်စ်၊ ဒင်နီရယ်၊ ပီကေး၊ အက်ဒရီယာနိုကော်ရီယာ၊ ဇာဗီ၊ အင်နီယေစတာ၊ မာရှေယာနို၊ ကီတာ၊ ဘတ်ကွက်စ်၊ ဒေးဗစ်ဗီလာနှင့် မက်ဆီတို့ပါဝင်ကစားသွားသည်။ ယခုပွဲတွင် ဘာစီလိုနာအသင်းက ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းအထိ အသာစီးရယူနိုင်ခဲ့ပြီး ဂိုးပေါက်ကန်သွင်းမှု ၁၉ ကြိမ်အထိ ရရှိခဲ့သည်။

ချယ်လ်ဆီး ၀-၁ မန်ယူ

စတမ်းဖို့ဒ်ဘရစ်ချ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်လ်ဆီးနှင့် မန်ယူတို့ပွဲတွင် ဧည့်သည်မန်ယူက ပွဲချိန် ၂၄ မိနစ်တွင် ဝိန်းရွန်နေးသွင်းသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။

ချယ်လ်ဆီးအသင်းတွင် ပီတာချက်၊ အီဗန်နိုဗစ်၊ အက်ရှ်လေကိုး၊ ဘော်စင်ဝါ (မီခေးလ်-၇၈)၊ ဂျွန်တယ်ရီ၊ အက်ဆီယံ၊ ရာမီရစ်၊ လမ်းပတ်၊ ဇာကော့ဗ် (မာလူဒါ-၇၀)၊ တောရက်စ်နှင့် ဒရော့ဘာ (အနယ်လ်ကာ-၇၁)တို့ ပါဝင်ကစားခဲ့ပြီး မန်ယူအသင်းတွင် ဗန်ဒါဆား၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ ရာဖေးလ် (နာနီ-၅၁)၊ ဂစ်၊ ပက်ဂျီဆန်(စမောလင်း-၉၀+၄)၊ မိုက်ကယ်ကာရစ်၊ ဗလင်စီယာ၊ ဝိန်းရွန်နေးနှင့် ဟာနန်ဒက်ဇ် (ဘာဘာတော့ဗ်-၇၈)တို့ ပါဝင်ကစားသွားသည်။

ယခုပွဲတွင် ချယ်လ်ဆီးအသင်းက ၂၁ ကြိမ်ဂိုးကန်သွင်းခဲ့ရာ ခုနစ်ကြိမ်ဂိုးပေါက်တည့်ခဲ့ပြီး မန်ယူက ရှစ်ကြိမ်ကန်သွင်းရာ နှစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုတွင် ချယ်လ်ဆီးက ၅၇ ရာခိုင်နှုန်း ရှိခဲ့သည်။ အဆုံးသတ်မသေချာသည့် ချယ်လ်ဆီးသည် ယခုပထမအကျော့တွင် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အိုးထရက်ဖို့ဒ်၌ ကစားရမည့် ဒုတိယအကျော့တွင် ခြေကုန်ထုတ်ရုန်းရတော့မည် ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်များအဖြစ် ဧပြီ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၁၅ နာရီတွင် မန်ယူနှင့် ချယ်လ်ဆီး၊ ရှက်တာဒိုးနက်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ***အင်တာနက်။***

မန်ယူအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဝိန်းရွန်နေး ဤကဲ့သို့ သွင်းယူခဲ့သည်။

လီဗာပူးမှ အဂ္ဂါနှင့် ဂလင်းဂျွန်ဆင်တို့ ရာသီကုန်ထိနားရဖွယ်ရှိ

လန်ဒန် ဧပြီ ၇

လီဗာပူးအသင်း၏ နောက်ခံကစားသမားများဖြစ်သည့် ဒင်နီရယ်အဂ္ဂါနှင့် ဂလင်းဂျွန်ဆင်တို့မှာ ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရပြီး ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

နောက်တန်းတွင် အားထားရသည့် အဂ္ဂါ၏ ဒဏ်ရာမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိဘဲ လီဗာပူးအသင်း၏ လက်ကျန်ပွဲများကို လွဲချော်ရတော့မည်ဖြစ်သည်။ ၎င်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၁)တွင် ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အလားတူ အဆိုပါပွဲတွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သည့် ဂျွန်ဆင်မှာမူ မေလဆန်းပိုင်းတွင် ဒဏ်ရာအခြေအနေတိုးတက်လာဖွယ်ရှိသည်ဟု နည်းပြ ဒဲလ်ဂလက်ချ်က ဆိုသည်။ ***အင်တာနက်။***

ဝိန်းရွန်နေးနှင့် ကိုကာကိုလာ စပွန်ဆာစာချုပ်ရပ်ဆိုင်းတော့မည်

လန်ဒန် ဧပြီ ၇

ကမ္ဘာတစ်လွှားလူကြိုက်များ နာမည်ကျော်ကြားနေသည့် ကိုကာကိုလာ အချိုရည်ကုမ္ပဏီသည် မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေးနှင့် ချုပ်ဆိုထားသည့် စပွန်ဆာစာချုပ်ကို ထပ်မံတိုးမြှင့်ချုပ်ဆိုတော့မည်မဟုတ်ဘဲ ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားလိုက်သည်။

ကိုကာကိုလာအချိုရည်ကုမ္ပဏီသည် ဝိန်းရွန်နေး၏ ကွင်းပြင်ပပြဿနာများ ပေါ်ပေါက်ချိန်ကပင် ၎င်းတို့၏ ကြော်ငြာများကို ပိတ်သိမ်းခဲ့သည်။ ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် စပွန်ဆာပေးရန် ရည်ရွယ်ထားသည့် ကိုကာကိုလာကုမ္ပဏီက ဝိန်းရွန်နေးနှင့် စပွန်ဆာစာချုပ်ထပ်မံမတိုးမြှင့်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီမှုရရှိထားပြီးဖြစ်သည်ဟု ပြောကြားသည်။ အင်တာနက်။

ဒင်နီဟီဂန်ဘိုသမ် ခြောက်လခန့်နားရမည်

လန်ဒန် ဧပြီ ၇

စတုတ်စီးတီးအသင်း၏ နောက်တန်းကစားသမား ဒင်နီဟီဂန်ဘိုသမ်သည် ဒူးဒဏ်ရာကြောင့် ခြောက်လခန့် အနားယူရတော့မည်ဖြစ်သည်။

ဘိုသမ်သည် ပရီမီယာလိဂ်ပွဲစဉ် (၃၁)တွင် ချယ်လ်ဆီးအသင်းကို တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲ၌ ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် စတုတ်စီးတီးအသင်း၏ နောက်တန်းတွင် အဓိကအားထားရသည့် ကစားသမားတစ်ဦး ဖြစ်သည်။ ဘိုသမ်ဒဏ်ရာရသွားခြင်းမှာ စတုတ်စီးတီးအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့ရသည်။ ၎င်းသည် မကြာသေးမီကမှ အသင်းနှင့် စာချုပ်သက်တမ်းတိုးခဲ့သူဖြစ်သည်။ **အင်တာနက်။**

ဟန်သစ်

ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း တတိယဆုလက်ခံပြီး တွေ့ရစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

10th TRUE VISIONS INTERNATIONAL JUNIOR CHAMPIONSHIPS 2011 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း တတိယဆုရရှိ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း ခေါင်းဆောင်၍ အသင်းအုပ်ချုပ်သူ ဦးမျိုးထွန်း၊ အသင်းနည်းပြ ဦးချမ်းဟန်နှင့် လူငယ်လက်ရွေးစင်များ ပါဝင်သော မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် မတ် ၂၉ ရက်မှ ဧပြီ ၁ ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့ RAYONG GREEN VALLEY COUNTRY CLUB ၌ ကျင်းပခဲ့သော 10th TRUE VISIONS INTERNATIONAL JUNIOR CHAMPIONSHIPS 2011 လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာလူငယ်အသင်းက တတိယဆု ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် အသင်းလိုက်ပြိုင်ပွဲ၌ ၁၃ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အသင်းလိုက်ပြိုင်ပွဲတွင် ယဉ်မေမျိုး၊ ရဲထက်အောင်၊ စည်သူရဲရင့်နှင့် ဝေယံလင်းတို့ ပါဝင်ကြသော မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းက တတိယဆုရရှိပြီး ထိုင်းနိုင်ငံက ပထမ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယ ရရှိခဲ့သည်။

တစ်ဦးချင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ရဲထက်အောင်က စတုတ္ထ၊ ယဉ်မေမျိုးက ပဉ္စမ၊ ဝေယံလင်းက အဆင့် ၁၀ နှင့် စည်သူရဲရင့်က အဆင့် ၁၃ အသီးသီး ရရှိခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ✳ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✳ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့်မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းများဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း (အရာထမ်း) အမှတ်စဉ်(၁/၂၀၁၁)နှင့် ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းများဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

အခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စွာခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စွာခိုင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း (အရာထမ်း) အမှတ်စဉ် (၁/၂၀၁၁) သင်တန်းတွင် ထူးချွန်ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကတ္တရာလမ်းသစ်ဖွင့်

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရတနာသီရိလမ်း၊ ရတနာဂီရိလမ်း၊ ကျွန်းတောမြို့ပတ်လမ်းများ ကတ္တရာလမ်းသစ်ဖွင့်လှစ်စဉ်။

(မြို့နယ်စည်ပင်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုး ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ ပခုက္ကူမြို့၊ ဇောင်းတူမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။ **မှတ်သား ဖွယ်ရာမိုးရေချိန်များ**မှာ နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၄၆ လက်မ၊ ဖြူးမြို့တွင် သုည ဒသမ ၉၀ လက်မ၊ လားရှိုးမြို့တွင် သုည ဒသမ ၃၉ လက်မနှင့် မြိတ်မြို့တွင် သုည ဒသမ ၃၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရန်ကုန်-ပုသိမ် လမ်းမကြီးပေါ်၌ ခရီးသည်တင်ယာဉ်တစ်စီးက ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုယိုတာဟိုင်းလက်စ်ယာဉ်အား ဝင်ရောက်တိုက်မိ၊ ဝန်ထမ်းနှစ်ဦး သေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ ယာဉ်မောင်းများအနေဖြင့် မိမိအိမ်အပြန်ခရီးကို မိမိ မိသားစုက စောင့်မျှော်နေကြောင်း အမြဲမပြတ်သတိရနေရန်လို

နေပြည်တော် ဧပြီ ၇

ရန်ကုန်-ပုသိမ် လမ်းမကြီးပေါ်၌ ဧပြီ ၄ရက် မွန်းလွဲပိုင်းတွင် ပုသိမ်ဘက်သို့ မောင်းနှင်လာသော ရန်ကုန်-မြောင်းမြ ခရီးသည်တင် မော်တော်ယာဉ်က ရန်ကုန်ဘက်သို့မောင်းနှင်လာသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုယိုတာဟိုင်းလက်စ် ဒဗယ်ကက်(ဗ)ယာဉ်အား ဝင်တိုက်မိခဲ့သဖြင့် ဟိုင်းလက်စ်ယာဉ်ပေါ်ပါ ဝန်ထမ်းလေးဦးအနက် ယာဉ်မောင်းအပါအဝင် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူနှစ်ဦးအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင် ဆေးကုသပေးလျက်ရှိကြောင်းသိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ခရီးသည်တင် မော်တော်ယာဉ်က တစ်ဖက်ယာဉ်ကြောရှိ တိုယိုတာဟိုင်းလက်စ်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ လမ်းကြောင်းမှား ဝင်ရောက် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးသည်တင် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီအဆင့်ဆင့်က ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ သတ်မှတ်အရှိန်ထက် ပိုမိုကျော်လွန်၍မမောင်းနှင်ရေး၊ ယာဉ်ကြံ့ခိုင်ရေး၊ အနေးယာဉ်နှင့် ယာဉ်ငယ်များ၊ လမ်းဖြတ်ကူးသူများအပါအဝင် စည်းကမ်းလိုက်နာရေးအတွက် စစ်ဆေးပညာပေးခြင်း၊ အရေးယူခြင်း၊ ဟောပြော ဆွေးနွေးပွဲများကျင်းပခြင်းစသည်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိသော်လည်း မလိုက်နာသူများကြောင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိကြောင်း၊ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများကြောင့် နိုင်ငံတော်အနေဖြင့် လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့် လည်းကောင်း ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်သဖြင့် အဘက်ဘက်မှ နစ်နာမှုများရှိနေကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း ခရီးသည်တင်ယာဉ်အနေဖြင့် တစ်ဖက်ယာဉ်ကြောသို့ အရှိန်မထိန်းနိုင်ဘဲ လမ်းကြောင်းမှား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သဖြင့် ခရီးသည်တင်ယာဉ်မောင်းများ၊ ကုန်တင်ယာဉ်မောင်းများသည် ယာဉ်ပေါ်ပါ ခရီးသည်၊ ကုန်စည်များကြောင့် သတ်မှတ်အရှိန်နှုန်းဖြင့် မောင်းနှင်ကြရန် အထူးလိုအပ်ကြောင်း၊ ယာဉ်အန္တရာယ်မဖြစ်မီက ကြိုတင်သတိထားပြီး မိမိအိမ်အပြန်ခရီးကို မိမိမိသားစုက စောင့်မျှော်လျက်ရှိသည်ကို အမြဲမပြတ် သတိရနေရန်လိုကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်မှုစစ်အရာရှိတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ဆမုဒ်ဆာခွန်းခရိုင် (မဟာချိုင်)၌ မြန်မာအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် ယာဉ်တစ်စီး ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၇

ဧပြီ ၄ ရက် နံနက် ၇နာရီခန့်တွင် ထိုင်းနိုင်ငံ ဆမုဒ်ဆာခွန်းခရိုင် (မဟာချိုင်)၌ မြန်မာအလုပ်သမားများ စီးနင်းလိုက်ပါလာသော ယာဉ်တစ်စီး မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်ပွားပုံမှာ Gallant Ocean (Thailand) Co., Ltd. တွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ စက်ရုံသို့ အလုပ်ဆင်းရန် ကြိုပို့ယာဉ်မှ လာရောက် ကြိုဆိုတင်ဆောင်စဉ် ယင်းယာဉ်၏ နောက်မှ (၁၀)ဘီးယာဉ်တစ်စီး လမ်းချော်ပြီး ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်ပေါ်ပါ အမျိုးသမီးခြောက်ဦးနှင့် အမျိုးသား တစ်ဦး ပွဲချင်းပြီးသေဆုံးကာ ၆၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးခဲ့သူများမှာ ဦးသန်းမြင့် (၅၀)နှစ်၊ မတူးတူး (၂၄)နှစ်၊ မသီဂီဖြိုး (၁၈)နှစ်၊ မသီတာမွန် (၁၈)နှစ်၊ မနီနီဝင်း (၂၂)နှစ်၊ မဝင်းစန္ဒာ (၂၁)နှစ်၊ မနော်အော (၁၆) နှစ်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုသတင်းကို သိလျှင်သိချင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများသည် မဟာချိုင်သို့ သွားရောက်ပြီး အဆိုပါ ကုမ္ပဏီမှ တာဝန်ခံနှင့် တွေ့ဆုံခဲ့ကြောင်း၊ သေဆုံးသူများအား ဧပြီ ၅ ရက်တွင် ယင်းစက်ရုံမှ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ ၆၁ဦးအနက် Mahachai ဆေးရုံ၌ ၁၁ ဦး၊ Samutsakorn ဆေးရုံ၌ ခြောက်ဦး၊ Srivichai 5 ဆေးရုံ၌ ၄၄ ဦး တက်ရောက်ကုသလျက်ရှိပြီး ယင်းဆေးရုံများရှိ အတွင်းလူနာ ခုနစ်ဦးအနက်တစ်ဦးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိကြောင်းနှင့် ဒဏ်ရာပြင်းထန်မှုမရှိသည့် လူနာအချို့ အား ဧပြီ ၆ ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ကြောင်းသိရှိရသည်။

မြန်မာသံရုံးမှ တာဝန်ရှိသူများသည် ဆေးရုံတက်လူနာများအား သွားရောက်တွေ့ဆုံပြီး ထိခိုက်ဒဏ်ရာရသူများ၏ ဆေးကုသစရိတ်များကို စက်ရုံမှ လုံးဝပျောက်ကင်းသည်အထိ တာဝန်ယူပေးရေး၊ ဆေးရုံတက်ရောက်ကုသနေချိန်တွင်လည်း နေ့စဉ်ရရှိနေသည့် လုပ်အားခများ မဖြတ်တောက်ဘဲ အပြည့်အဝပေးရေး၊ သေဆုံးသူများအတွက် နစ်နာကြေးကို ကျန်ရှိသည့် ဆွေမျိုးမောင်နှမများမှ ရရှိရေးအတွက် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အဆိုပါ ယာဉ်တိုက်မှုတွင် ဒဏ်ရာ ရရှိသူများအား အလုပ်ရှင်နှင့်တာဝန်ခံများ၊ ထိုင်းနိုင်ငံမှ အာဏာပိုင်များနှင့် မြန်မာအလုပ်သမား စောင့်ရှောက်ရေးအဖွဲ့တို့က နေ့စဉ်လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများ ထိုင်းနိုင်ငံ ဆမုဒ်ဆာခွန်းခရိုင် (မဟာချိုင်)၌ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သဖြင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော မြန်မာ အလုပ်သမားများအား လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

မော်တင်-ဆာပါချောင်သို့ပြေးဆွဲသော ရေယာဉ်ငယ်တိမ်းမှောက် ခရီးသည်လေးဦး ပျောက်ဆုံး

ရန်ကုန် ဧပြီ ၇

ရန်ကုန်တောင်ပိုင်းခရိုင်စီမံမှုအောက်ရှိ အောက်ဒလမြို့နယ် ရေယာဉ်အသင်းမှ မော်တင်-ဆာပါချောင်သို့ ပြေးဆွဲနေသော စက်တပ်ရေယာဉ်ငယ်တစ်စင်း စက်ရပ်တန့်ကာ ရပ်ထားသော သင်္ဘောကြီး တစ်စင်း၏ ဗိုက်အောက်သို့ဝင်တိုက်မိပြီး တိမ်းမှောက်ခဲ့ခြင်းကြောင့် ရေယာဉ်မောင်းသူအပါအဝင် အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်းလေးဦး ပျောက်ဆုံးလျက်ရှိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၄ ရက် ည ၈ နာရီခွဲခန့်တွင် ရန်ကုန်မြို့ မော်တင်မှ ဆာပါချောင်သို့ ပြေးဆွဲနေသော စက်တပ်ရေယာဉ်ငယ်တစ်စင်းသည် မော်တင်ဆိပ်ကမ်းမှ ဆာပါချောင်သို့အပြန် ဆိပ်ကမ်းမှ အထွက်တွင် ရေယာဉ်ပန်ကာနှင့် မြစ်ထဲတွင် စွန့်ပစ်ထားသော ပိန်အိတ်ခွံများငြိ၍ စက်ရပ်တန့်ကာ ရေစီးဖြင့် မျောပါသွားပြီး ဧရာဝတီတိုင်းဒေသကြီးသို့သွားမည့် ရပ်နားထားသည့် ရေယာဉ်ကြီးတစ်စင်း၏ ဗိုက်အောက်သို့ ဝင်ရောက်တိုက်မိခြင်းကြောင့် ရေယာဉ်တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်ရပ်တွင် သင်ခန်းစာနှစ်ရပ် ယူရမည်ဖြစ်ကြောင်း၊ ပထမသင်ခန်းစာမှာ ရန်ကုန်မြစ်အတွင်း အမှိုက်များစည်းကမ်းမဲ့ စွန့်ပစ်မှုသည် ရေယာဉ်တိမ်းမှောက်ရခြင်း၏ အကြောင်းတစ်ရပ်ဖြစ်ကြောင်း၊ ဒုတိယသင်ခန်းစာမှာ တိမ်းမှောက်ရေယာဉ်တွင် စီးနင်းသူများသည် အသက်ကယ်အင်္ကျီများပါရှိလျက် မဝတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေယာဉ်မောင်းသူမှာ ရေယာဉ် နောက်ဆုံး အချိန်အထိ စည်းကမ်းအပြည့်အဝ လိုက်နာခဲ့ကြောင်း၊ လူပိုတင်မထားသည့်အပြင် ရေယာဉ်နစ်မြုပ်သွားချိန်တွင်လည်း ရေယာဉ်မောင်းသူက ရေယာဉ်ကို စွန့်ခွာမသွားခဲ့ကြောင်း၊ ဧပြီ ၆ ရက်က ရေယာဉ်ငယ်မောင်းသူနှင့် အမျိုးသားတစ်ဦး၏ အလောင်းနှစ်လောင်း ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ကျန်နှစ်ဦးကို ပျောက်ဆုံးနေသူများအဖြစ်သတ်မှတ်ကာ ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း မထသ(ဗဟို)မှ အတွင်းရေးမှူး ဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)က ရှင်းလင်းပြောကြားကြောင်း သိရှိရသည်။

(၅၆၇)

ဆိုင်ကယ်ခိုးသူအား ကောလင်းရဲက မိနစ် ၃၀ အတွင်း ဖမ်းမိ

ရန်ကုန် ဧပြီ ၇

မုံရွာမြို့ နန္ဒဝန်မြို့သစ်ရပ်နေ သိန်းမင်းထွေး(၃၂)နှစ် အဘ ဦးကြည်ရွှင်အား လမ်းဘေးတွင် ရပ်ထားသည့် ဆိုင်ကယ်ကို ခိုးယူသည့်အတွက် အလုပ်နှင့်ထောင်ဒဏ်(၂)နှစ် ကျခံစေရန် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် တရားရုံးမှ အမိန့်ချမှတ်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှာဖေဖော်ဝါရီ ၃၁ ရက် နံနက် ၇ နာရီတွင် ကောလင်းမြို့ မြို့မရပ်ကွက်နေ မချောစုခိုင်နှင့် မောင်ဖြစ်သူတို့သည် ဈေးဝယ်ပြီးအပြန်တွင် ဆိုင်ကယ်ပျောက်ဆုံးသွားသဖြင့် ကောလင်းရဲစခန်းသို့ ဖုန်းဆက်တိုင်ကြားခဲ့ရာ တရားခံအား ကောလင်းမြို့မှ ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့လမ်းအထွက် ဒေါင်းမြူးချောင်းတံတား အကျော်တွင် တွေ့ရှိပြီး စစ်ဆေးမေးမြန်းစဉ် ဒေါင်းမြူးချောင်းတံတားပေါ်မှ ရေထဲသို့ ခုန်ချထွက်ပြေးသွားခြင်းကြောင့် ရဲတပ်ဖွဲ့မှ လိုက်လံဖမ်းဆီးခဲ့သည်။ တရားခံအား ကောလင်းမြို့နယ်တရားရုံးမှ လက်ခံစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ်(၂)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

(၂၁၄)

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ ဥပ္ပါတသန္တိစေတီတော် ပိဋကတ်တိုက်၊ ပြတိုက်၊ မော်ကွန်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၇

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့သည် နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ ညနေ ၄ နာရီတွင် ကျင်းပသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖